# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက် ၊ စနေနေ့ ၊ (8-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၀)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒေသတွင်း ပြည်သူများ၏ဘဝအရည်အသွေးပိုမိုမြင့်မားလာစေရေးအတွက် အာဆီယံ၏စည်းလုံးညီညွတ်မှု၊ အချက်အချာကျမှုနှင့် အခြေခံစံတန်ဖိုးများကို အဖွဲ့ဝင်နိုင်ငံအားလုံးက အတူတကွဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်း

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၅၉ နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် အာဆီယံပြည်သူများသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသော မြန်မာပြည်သူများနှင့် အာဆီယံမိသားစုဝင်ပြည်သူများခင်ဗျား

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို စတင်တည်ထောင်ခဲ့သည့် ၅၉ နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အခါသမယဖြစ်ပါသည်။ ဤမင်္ဂလာရှိသော အခါသမယတွင် မြန်မာနိုင်ငံနှင့်အာဆီယံဒေသအတွင်းရှိ ပြည်သူအပေါင်းတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် **"တစ်စုတစ်စည်းတည်းသော အရှေ့တောင်အာရှဒေသ"**ကို ထူထောင်ရန် ရည်မှန်းချက်ဖြင့် အာဆီယံကို စတင်ဖွဲ့စည်းခဲ့ကြပါသည်။ အာဆီယံသည် ဘုံအကျိုးစီးပွား၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် အပြန်အလှန်လေးစားယုံကြည်မှုတို့ကို အခြေခံ၍ နှစ်ပေါင်း ၅၀ ကျော်အတွင်း စည်းမျဉ်းအခြေပြုပြည်သူဗဟိုပြု ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် အောင်မြင်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁**

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ




နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင်

**စာမျက်နှာ ၁၈ ကော်လံ ၁**

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

## MPTက ရေဘေးကြုံတွေ့ခံစားနေရသည့် ဒေသခံပြည်သူများအတွက် အခမဲ့ဒေတာ၊ ဖုန်းခေါ်ဆိုမှုနှင့် စာတို(SMS)ဝန်ဆောင်မှုများ ပေးအပ်




လေးမျက်နှာမြို့နယ် စာရေးကုန်းကျေးရွာရှိ ကွပ်ကဲရေးစခန်းတွင် ရွေ့လျားမိုဘိုင်းကား (Cell on Wheel-CoW) တပ်ဆင်ထားမှုကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၇

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ခံစားနေရသည့် ဒေသများရှိ သုံးစွဲသူများကို အခမဲ့ဒေတာ(1GB)၊ MPT ဖုန်းအချင်းချင်း အခမဲ့ဖုန်းခေါ်ဆိုခွင့် မိနစ် ၁၀၀၊ စာတိုပေးပို့ခွင့်(SMS)အစောင် ၁၀၀ ပေးအပ်မည်ဖြစ်ပြီး အဆိုပါဝန်ဆောင်မှုများကို ယနေ့မှစ၍ ခုနစ်ရက်အတွင်း အသုံးပြုနိုင်မည်ဖြစ်သည်။

ဝေဝန်မြစ်ရေကြီးမှုကြောင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင်

**စာမျက်နှာ ၂၆ ကော်လံ ၁**

## ခိုင်မာရဲရင့် လှမ်းတိုင်းတင့်ခဲ့ အာဆီယံတွင်းသို့ ဒုတိယမြောက် ယုံကြည်ခြေတစ်လှမ်း

**ဆောင်းပါး**

စာမျက်နှာ - ၂၀

## ဒုဋ္ဌဝတီမြစ်ရေ မြစ်ငယ်မြို့၏ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၇

ယနေ့မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်အလိုတွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၈ ရက်

**အယ်ဒီတာ့အာဘော်**

# နှစ်နိုင်ငံနှင့်ပြည်သူများကြား အကျိုးဖြစ်ထွန်းစေသည့် အောင်မြင်သောခရီးစဉ်

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းက သမိုင်းကြောင်းအရ ထိစပ်မှု၊ ဆက်နွှယ်မှုတို့ရှိသည်။ နှစ်နိုင်ငံအကြား နယ်နိမိတ်ထိစပ်မှုမှာ ၂၄၁၆ ကီလိုမီတာရှည်လျားသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်အပြင် နှစ်နိုင်ငံ ပြည်သူများအကြား ဆက်နွှယ်မှုနှင့် ဆက်ဆံမှုသည်လည်း အလွန်ခိုင်မာစွာ တည်ရှိနေပေသည်။ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး လာမည့် ၂၀၂၈ ခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက်တော့မည်ဖြစ်သည်။

လက်ရှိတွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအနုထင်ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ဩဂုတ် ၆ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ တရားမဝင်နယ်စပ်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့်မြစ်ရေညစ်ညမ်းမှုဆိုင်ရာ၊ စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်ပတ်သက်၍ အပြုသဘောဆောင်ပြီး အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည့်အခြေအနေ၊ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာ၊ လုပ်သားများခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊ အာကာသနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနားလည်မှုစာချွန်လွှာ၊ နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်များ၏ ရေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်များ စသည့်သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာလေးခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်တို့၏ ရှေ့မှောက်၌ လဲလှယ်ခဲ့ကြသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတကြီး၏ ထိုင်းနိုင်ငံသို့တရားဝင်ခရီးစဉ်မှသည် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံအကြား ကာလရှည်ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး နှစ်နိုင်ငံပြည်သူများအတွက် ကောင်းကျိုးစီးပွားများကို ပိုမိုဖြစ်ထွန်းစေမည့် အောင်မြင်သောခရီးစဉ်ပင်ဖြစ်ပါကြောင်း ဂုဏ်ယူရေးသားလိုက်ရပေသည်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၃၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၂၃ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၄၃ ဧက စုစုပေါင်း ၁၀၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နေကြာဧက ၁၂၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံ ဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

နေကြာကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ် သစ်သီးဈေးကွက်တွင် ဩဂုတ် ၁ ရက်မှ စတင်ပြီး ယနေ့ထိ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှ ထွက်ရှိသည့် နာနတ်သီးများ တစ်ရက်လျှင် အလုံးရေ ၂၀၀၀၀ မှ ၂၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ လက်ရှိ နာနတ်သီးတွေ စတင်ထွက်ရှိနေပါတယ်။ ထွက်ရှိတဲ့ နာနတ်သီးတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ အခုလို အရောင်းအဝယ် ကောင်းမွန်နေတဲ့ နာနတ်သီးတွေက ပိုးမွှားကင်းရှင်းပြီး လတ်ဆတ်မှုလဲရှိပါတယ်" ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် နာနတ်သီးအလုံးရေ ၁၀၀ လျှင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၂၉၀၀၀၀ မှ ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း၊ အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင် မြင်အောင် ဆောင်ရွက်ကြစေရန် ဆွေးနွေးမှာကြားပါသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် ဝန်ထမ်းများက ရွှေပေါက်ပင်ကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းအပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၆ ဒသမ ၃ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ဝမ်းတွင်းမြို့နယ် အင်းကန်းကုန်းကျေးရွာ၌ Smart Village စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဝမ်းတွင်း ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) ဆောင်ရွက်မည့် အင်းကန်းကုန်းကျေးရွာအုပ်စု အင်းကန်းကုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက Smart Village စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အင်းကန်းကုန်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# ရမည်းသင်းမြို့နယ် ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက ကျွဲတပ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျွဲတပ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျွဲတပ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၇ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

**(၂၀၆)**

# သာစည်မြို့နယ် ကန်သစ်ကျတ္တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်သစ်ကျတ္တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်သစ်ကျတ္တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကန်သစ်ကျတ္တီးကျေးရွာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# နေပြည်တော်ဆိုင်ရာ... 

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကောက်ညှင်းဆန်အပြင် ဆန်စပါးများကို တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၃၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်က ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုဩဂုတ်လထဲမှာလဲ ဓနုဖြူမြို့နယ်က ကောက်ညှင်းဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူ မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၂၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ကောက်ညှင်းဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်ရှောက်သီး

ဒေါက်တာလပြည့်ခင်

**ရှောက်သီး**

ရှောက်သီးကို Citrus Lemon ဟုသိပြီး အာရှဒေသများတွင် ပေါက်ရောက်ရှင်သန်သည့် အမြဲစိမ်းမျိုးစိတ်အပင်ငယ်မှရသော အချဉ်အရသာရှိသည့် အသီးဖြစ်ပြီး အစားအသောက်နှင့် ကျန်းမာရေးအတွက်အကျိုးရှိသည်။ ရှောက်သီး၏မျိုးရင်းမှာ သံပရာ၊ ရှောက်မျိုးရင်း Rutaceae ဖြစ်ပြီး သိပ္ပံအမည်မှာ Citrus Medica နှင့် ရှောက်ဘီလူး ခေါ် အနောက်တိုင်းရှောက်(Lemon)မှာ Citrus Lemon ဖြစ်သည်။ ရှောက်ပင်သည် အမြင့်ပေ ၂၀ ခန့်ရှိနိုင်ပြီး အပင်လတ်မျိုးဖြစ်ပြီး အပွင့်များသည် အဖြူရောင် သို့မဟုတ် ပန်းနုရောင်ဖြစ်သည်။ ရှောက်သီးသည် လုံးဝန်းပြီး အစိမ်းရောင်မှ တဖြည်းဖြည်း အဝါရောင်သို့ပြောင်းလဲသွားသည်။ သဘာဝအသီးအဖြစ် အစားအသောက်လုပ်ငန်း၊ ဖျော်ရည်များနှင့် ဆေးဖော်စပ်သည့်နေရာများတွင် အသုံးပြုကြသည်။

**ရှောက်သီးဇာစ်မြစ်**

ရှောက်သီး၏ မူလဇာစ်မြစ်မှာ အာရှတိုက်အရှေ့တောင်ပိုင်းနှင့် ဟိမဝန္တာတောင်ခြေဒေသများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတောင်ပိုင်းတို့ဖြစ်ကြပြီး ထိုမှတစ်ဆင့် ကမ္ဘာအနှံ့သို့ ပျံ့နှံ့စိုက်ပျိုးလာခဲ့ကြခြင်းဖြစ်သည်။

**ရှောက်သီးတွင်ပါဝင်သောအာဟာရဓာတ်များ**

အချဉ်အရသာရှိသည့်ရှောက်သီးတွင် ကယ်လိုရီ၊ ကာဘိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီ၊ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည့် အဓိက ဗီတာမင်စီ၊ ဗီတာမင် B6၊ သီရာမင်၊ နီရာစင်၊ ဖောလိတ်၊ ဆစ်ထရစ်အက်စစ်၊ ရီဗိုဖလာဗင်၊ သံဓာတ်၊ ကယ်စီယမ်၊ ပိုတက်စီယမ်၊ ဖော့စဖရတ်၊ မဂ္ဂနီစီယမ် အစရှိသည့်သတ္တုဓာတ်များနှင့်အမျှင်ဓာတ် အထူးသဖြင့် ပက်တင်နှင့် ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည့် Flavonoids နှင့် Limonoids ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်သည်။ ရှောက်ရည် ၁၀၀ ဂရမ်တွင် ဗီတာမင်စီ ၆၀ ဂရမ်ပါဝင်သောကြောင့် အသီးများထဲတွင် ဗီတာမင်စီအများဆုံးပါဝင်သောအမျိုးအစားဟု ဆိုကြသည်။ ရှောက်သီးကို ခန္ဓာကိုယ်ကျန်းမာရေးအတွက်သာမက အလှအပအတွက်လည်း အသုံးချနိုင်သည်။ ရှောက်သီးသည် သဘာဝပိုးသတ်ဆေးတစ်မျိုးဖြစ်ပြီး အရေပြားနှင့်ပတ်သက်သောရောဂါများကို ကုသပေးနိုင်သည်။

**ဇီဝရုပ်ဖြစ်ပျက်မှုကို မြန်ဆန်ထိရောက်စေနိုင်ခြင်း**

ရှောက်သီးတွင်ပါဝင်သော ဗီတာမင်စီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်၏ ကြွက်သားစုဆောင်းခြင်း၊ ဆဲလ်အသစ်များ တည်ဆောက်ခြင်းနှင့် အစာချေဖျက်ပြီး ကယ်လိုရီလောင်ကျွမ်းစေခြင်း စသည်ဖြင့် စားသုံးလိုက်သောအစားအစာများကို ခန္ဓာကိုယ်မှအသုံးပြုနိုင်သည့်စွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးသည့်ဖြစ်စဉ် ဇီဝရုပ်ဖြစ်ပျက်မှုကို ပိုမိုမြန်ဆန်ထိရောက်စေရန် ကူညီပေးသည်။ နံနက်ခင်းတွင် ရှောက်ရည်စစ်စစ်ကို ရေနွေးနွေးဖြင့် ဖျော်သောက်ခြင်းသည် အဆိပ်အတောက်ပြေစေပြီး ဇီဝရုပ်ဖြစ်ပျက်မှုကိုမြှင့်တင်ပေးသည်။ ရှောက်သီးအခွံတွင် အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ အများအပြားပါဝင်သဖြင့် ပါးပါးလှီး၍ သုပ်စားခြင်း သို့မဟုတ် အနံ့အတွက်ပြုလုပ်ခြင်းဖြင့်လည်း ဇီဝရုပ်ဖြစ်ပျက်မှုကို မြန်ဆန်ထိရောက်စေသည်။

**ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ခြင်း**

ရှောက်သီးတွင် ဗီတာမင်စီကြွယ်ဝမှုကြောင့် ကိုယ်ခံအားကိုမြှင့်တင်ပြီး သွေးဖြူဥဆဲလ်ထွက်ရှိမှုကို ကူညီသည်။ ရောဂါပိုးများကူးစက်မှုကို ကာကွယ်နိုင်သည်။

**နှလုံးရောဂါကာကွယ်ပေးနိုင်ခြင်း**

ဗီတာမင်စီကြွယ်ဝသည့်ရှောက်သီးက သွေးပေါင်ချိန်ကိုထိန်းညှိပေးပြီး ကမ္ဘာပေါ်တွင် သေဆုံးမှုအမြင့်ဆုံးရောဂါတစ်ခုဖြစ်သည့် နှလုံးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်စေရန်နှင့် သွေးကြောများတွင် အဆီများစုပုံခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးသည်။ နှလုံးရောဂါနှင့်ပတ်သက်သောရောဂါများကာကွယ်ရန်အတွက် ဗီတာမင်စီကြွယ်ဝသည့် ရှောက်သီးကိုစားပေးသင့်သည်။ ရှောက်သီးတွင်ပါဝင်သော ပိုတက်စီယမ်နှင့် အမျှင်ဓာတ်တို့က သွေးဖိအား



နှင့် ကိုလက်စထရောကို ထိန်းညှိပေးသည်။

**ကျောက်ကပ်ကျောက်မတည်အောင် ကာကွယ်ပေးနိုင်ခြင်း**

ရှောက်သီးတွင်ကြွယ်ဝစွာပါဝင်သည့် ဆစ်ထရစ်အက်စစ်က ဆီးထဲတွင် ကျောက်တည်ခြင်းကို ဟန့်တားပေးပြီး ကျောက်ကပ်ကျောက်မတည်အောင် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ရှောက်ရည်သည် သည်းခြေတွင်တည်သည့်ကျောက်များကို ပျော်ဝင်ကျေပျက်သွားအောင်ကူညီပေးပြီး ခန္ဓာကိုယ်မှ ခွဲသလိပ်ထွက်ခြင်းကို လျှော့စေသည်။

**လေရောဂါသက်သာစေနိုင်ခြင်း**

လေရောဂါရှိသူများ၊ အစာမကြေသူများနှင့် အစာခံလိုက်သဖြင့် လေခံနေသူများအတွက် ရှောက်သီးတစ်စိပ်ကို နုပ်နုပ်စင်းပြီး ထန်းလျက်တစ်ဆယ်သားနှင့်ရောကျိုကာ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက် သောက်ပေးပါက ရင်ထဲရှင်းပြီး အစာကြေလွယ်ကာ လေရောဂါကို သက်သာစေသည်။

**သံဓာတ်စုပ်ယူမှုကို မြှင့်တင်ပေးနိုင်ခြင်း**

ရှောက်သီးတွင် ဗီတာမင်စီဓာတ် ကြွယ်ဝစွာပါဝင်မှုကြောင့် ခန္ဓာကိုယ်ကို သံဓာတ်စုပ်ယူမှုကောင်းစေပြီး သွေးအားနည်းရောဂါမဖြစ်စေရန် ကာကွယ်ပေးသည်။

**ကိုယ်ခံအားစနစ်ကို အထောက်အကူပြုနိုင်ခြင်း**

ရှောက်သီးတွင် ဗီတာမင်စီကြွယ်ဝသောကြောင့် ဗီတာမင်စီက သွေးဖြူဥဆဲလ်ထွက်ရှိမှု တိုးစေရန် ကူညီပေးပြီး ခန္ဓာကိုယ်သို့ ရောဂါပိုးများဝင်ရောက်ကူးစက်ခြင်းမျိုးမဖြစ်စေရန် အထိရောက်ဆုံးကာကွယ်ပေးကာ ကိုယ်ခံအားကို အကောင်းဆုံးအားဖြည့်ပေးနိုင်သဖြင့် အအေးမိခြင်း၊ တုပ်ကွေးရောဂါများကို ကာကွယ်ပေးသည်။ ဗီတာမင်စီက အနာကျက်မြန်စေသကဲ့သို့ ရောင်ရမ်းမှုကိုသက်သာစေပြီး ကော်လာဂျင်ထွက်ရှိမှုကို လှုံ့ဆော်စေကာ ဆဲလ်များကို ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်ခြင်းမျိုးမဖြစ်အောင် အကောင်းဆုံးကာကွယ်ပေးပြီး ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည်။

**နာတာရှည်ရောဂါများမဖြစ်အောင် ကာကွယ်နိုင်ခြင်း**

ရှောက်သီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်မှုကြောင့် ခန္ဓာကိုယ်ဆဲလ်များကို ကာကွယ်ပေးရုံသာမက ဓာတ်တိုးပစ္စည်းများကြောင့် ဆဲလ်များထိခိုက်ပျက်စီးမှုမဖြစ်စေရန် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပြားခြင်းသည် ဆဲလ်များကို ပျက်စီးစေနိုင်သကဲ့သို့ နှလုံးရောဂါ၊ ဆီးချိုနှင့် ကင်ဆာကဲ့သို့ နာတာရှည်ရောဂါများ ဖြစ်စေနိုင်သောကြောင့် နာတာရှည်ရောဂါများမဖြစ်စေရန် ရှောက်သီးကို စားပေးသင့်သည်။

**ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်း**

ရှောက်သီးကဲ့သို့ ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသည့်အသီးအနှံများသည် ကင်ဆာမဖြစ်အောင် ကာကွယ်ပေးသကဲ့သို့ ကင်ဆာဆဲလ်များကြီးထွားမလာအောင် ဟန့်တားပေးနိုင်ပြီး ရှောက်သီးက အူမကြီးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ပန်ကရိယကင်ဆာနှင့် ရင်သားကင်ဆာတို့ကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

**ကိုယ်အလေးချိန်ကျဆင်းစေနိုင်ခြင်း**

ရှောက်သီးတွင် အမျှင်ဓာတ်များစွာပါဝင်သောကြောင့် အစာစားချင်စိတ်ကို ချိုးနှိမ်ပေးသည့်အပြင် ဆာလောင်မှုမဖြစ်စေရန်လည်း ကာကွယ်ပေးပြီး အူလမ်းကြောင်းကိုကောင်းမွန်စေကာ ဝမ်းမှန်စေသည်။ ရှောက်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များများစွာပါဝင်သောကြောင့် အစာခြေလမ်းကြောင်းအတွင်းမှ အဆိပ်အတောက်များကို ဖယ်ရှားနိုင်သည့်အပြင် ခန္ဓာကိုယ်အတွင်းမှ မလိုအပ်သည့်အဆိပ်အတောက်များ၊ အဆီများကို ဖယ်ရှားပေးပြီး ကိုယ်အလေးချိန်ကျဆင်းနှုန်းမြန်စေသည်။

**အနာကျက်မြန်စေနိုင်ခြင်း**

ကိုယ်ခန္ဓာတောင့်တင်းပြီး နာကျင်နေခြင်း၊ အကြောများအလွန်တက်နေခြင်း ဖြစ်ပွားပါက ရှောက်ရည်တစ်ဆ၊ နနွင်းမှုန့်တစ်ဆရောပြီး ညအိပ်ရာဝင်ချိန်လိမ်းပေးလျှင် သက်သာစေသည်။ ရှောက်သီးသည် အနာကျက်မြန်စေခြင်းနှင့် ရောဂါပိုးကူးစက်ခြင်းကိုပါ ဟန့်တားပေးနိုင်သည်။

**အသားအရေဖြူစင်ဝင်းပစေနိုင်ခြင်း**

ရှောက်သီးတွင် ဗီတာမင်စီ ကြွယ်ဝလွန်းသောကြောင့် အရေပြားကိုပွတ်လိမ်းပေးပါက အမာရွတ်၊ အစက်အပြောက်များမှေးမှိန်ကာ အသားအရေကြည်လင်ဝင်းပစေသည်။ ရှောက်ရည်သည် ဘက်တီးရီးယားပိုးမွှားများကို ဖယ်ရှားပေးနိုင်သောကြောင့် ဝက်ခြံပျောက်ကင်းစေပြီး မျက်နှာပေါ်က အဆီပိုများကို ဖယ်ရှားပေးနိုင်ကာ အဆီပြန်ခြင်းကိုပါ သက်သာစေနိုင်သည်။ တံတောင်ဆစ်၊ ဒူးခေါင်းများ ညိုမဲနေသောနေရာများကို ပွတ်တိုက်လိမ်းပေးပါက ပြန်လည်၍ဖြူဝင်းလာစေနိုင်ပြီး သွေးတွင်းမှအဆိပ်များကို ဖယ်ရှားပေးနိုင်သောကြောင့် အသားအရေ သန့်ရှင်းမှုကို ရရှိစေနိုင်သည်။

**လက်သည်းများပျက်စီးခြင်းမှ သက်သာစေနိုင်ခြင်း**

လက်သည်းနီ မကြာခဏဆိုးတတ်သောသူများအနေဖြင့် လက်သည်းများပျက်စီးပါကလည်း ရှောက်ရည်နှင့်သံလွင်ဆီရောစပ်ထားသော အရည်ထဲတွင် လက်သည်းကို နှစ်ပေးထားခြင်းအားဖြင့်လည်း လက်သည်းများပျက်စီးခြင်းမှ သက်သာစေနိုင်သည်။

**ခံတွင်းရောဂါများသက်သာစေနိုင်ခြင်း**

ရှောက်သီးသည် ခံတွင်းနှင့် လည်ချောင်းတစ်လျှောက်လုံးအတွက်လည်း အသုံးဝင်သည်။ အာသီးရောင်ခြင်း၊ လည်ချောင်းနာခြင်းစသည့် လည်ချောင်းအတွင်းဖြစ်တတ်သော ရောဂါအမျိုးမျိုးတို့အတွက် ရှောက်ရည်နှင့်ရေကို ဆတူရောပြီး မကြာခဏ အာလုတ်ကျင်းပေးခြင်းအားဖြင့် လည်ချောင်းနာခြင်းကို သက်သာစေသည်။

**သွားရောဂါများကို ပျောက်ကင်းစေနိုင်ခြင်း**

ရှောက်သီးသည် သွားနှင့်ပတ်သက်သောရောဂါများကိုလည်း ကုသနိုင်သည်။ သွားကိုက်သည့်နေရာကို ရှောက်ရည်နှင့်သုတ်လိမ်းပေးပါက နာကျင်မှုကို သက်သာစေသည့်အပြင် သွားဖုံးပြည်ယိုခြင်း၊ သွေးထွက်ခြင်းစသော သွားရောဂါများကို ပျောက်ကင်းစေနိုင်ပြီး ခံတွင်းအနံ့ဆိုးခြင်းကိုလည်း ပျောက်ကင်းစေနိုင်သည်။ ထို့ပြင် ရှောက်ရည်နှင့် မုန့်ဖုတ်ဆိုဒါအနည်းငယ်ရောပြီး ဝါဂွမ်းနှင့်သွားများကို လိမ်းပေးပြီး ခဏကြာလျှင် သွားပွတ်တံနှင့်တိုက်ကာ ပလုတ်ကျင်းပေးပါက ဖြူဖွေးသန့်စင်သည့် သွားများကို ရနိုင်သည်။ ညအိပ်ရာမဝင်မီ နှုတ်ခမ်းကို ရှောက်ရည်လိမ်းပေးပြီး နံနက်တွင် ဆေးကြောလိုက်ပါက နှုတ်ခမ်းမှဆဲလ်အသေများကို ဖယ်ရှားပေးပြီး နှုတ်ခမ်းသားခြောက်သွေ့မှုကို စိုပြည်စေနိုင်သည်။

**အရေပြားကျန်းမာစေနိုင်ခြင်း**

ရှောက်သီးတွင် ဗီတာမင်စီပါဝင်မှုက ကော်လာဂျင်ထွက်ရှိမှုကိုလှုံ့ဆော်ပေးပြီး အသားအရေကို ကျန်းမာလှပစေရန် အကောင်းဆုံးအားဖြည့်ပေးသည်။ အရေးအကြောင်းဖြစ်ခြင်းကို လျော့ပါးစေပြီး အသားအရေခြောက်သွေ့မှုကင်းကာ အရေပြားပြဿနာကင်းစေသည့်အပြင် အသက်အရွယ်ကြောင့်ဖြစ်တတ်သည့် အရေပြားပြဿနာများကိုလည်း အထိရောက်ဆုံးကာကွယ်ပေးသဖြင့် အသားအရေကျန်းမာလှပလိုသူများ သင့်တင့်လျောက်ပတ်စွာ စားသင့်သည်။

**ရှောက်သီးမစားသုံးသင့်သူများ**

ရှောက်သီးသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများသည်မှာမှန်သော်လည်း ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ ဆေးဝါးတချို့ စွဲသောက်နေသူများ၊ ရောဂါအခံရှိသူများနှင့် သွေးပေါင်ကျတတ်သူများအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ စားသုံးသင့်ပါသည်။

**ရှောက်သီးအနှစ်ချုပ်**

ရှောက်သီးသည် ကျန်းမာရေးအတွက်သော်လည်းကောင်း၊ အလှအပရေးရာအတွက်သော်လည်းကောင်း များစွာအသုံးဝင်သောအသီးတစ်မျိုးဖြစ်ပြီး စားလိုက်လျှင်အရသာရှိသကဲ့သို့ စိတ်ကြည်လင်စေသောရနံ့လည်းရှိသောကြောင့် တန်ဆေးလွန်ဘေးမဖြစ်ရလေအောင် ချင့်ချိန်စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## ရေဖောင်ဖောင် သွန်းဖြာသည်းချိန်မို့

- အုံ့မှိုင်းလျက်ကယ်နှင့်
ခြံသိုင်းယှက် မိုးတိမ်လွှာ။

- တိမ်အုပ်ပြို
ရွာမလို ဟန်တပြင်ပြင်နဲ့
မာန်ဆင်၍လာ။

- ရှစ်ခွင်တိုင်း ရပ်တကာမှာ
မည်းမှောင်ကာ လျှပ်ဖြာဝင်း။

- လဝါဆို မိုးရိပ်မှောင်
ရေဖောင်ဖောင် သွန်းဖြာသည်းချိန်မို့
ညို့ခနဲဆို ထစ်ချုန်းမာန်ဟုန်ကဲကာပ
မိုးမင်းဖန် ဝသန်ပုလဲပန်းရယ်တို့
ကြဲဖျန်းကာ ပြည်ခွင်အေးချမ်းစေခဲ့
စိမ်းစိုဝေ လယ်ခွင်စခန်းသာလည်း
ပြုံးပျော်ရွှင် ကြည်မွေ့စွမ်းတာကြောင့်
နွမ်းလျပြယ် ရင်မြေချမ်းပေရ
ဖားတလက်သံ ညံစီမွှမ်းပါတဲ့
ပန်းလေပြည် ဆွတ်ပျံ့အမြုံးမှာ
(ကွယ်...)
ထူးသစ်မြင်ကွင်း။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

# နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့်စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို အစိုးရပိုင် ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြု၍ ဆောင်ရွက်ရသည့်စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစီးသည့် အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃ ရက်တွင် ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် ၅ ချက် ချမှတ်ကာ လုပ်ငန်းများ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်၊ အဖွဲ့ဝင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က မိမိတို့ဌာနများ၏ ပုံနှိပ်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့ဌာနအလိုက် နှစ်စဉ်လုပ်ငန်း အပ်နှံဆောင်ရွက်နေမှု၊ ဆက်လက်အပ်နှံဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ပတ်လည်ပုံနှိပ်စက်များ၊ ရွက်ထိုးပုံနှိပ်စက်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ ဌာနများရှိ ပုံနှိပ်စက်များ၊ သာသနာရေးဝန်ကြီးဌာနပိုင် ပုံနှိပ်စက်များတွင် ပုံနှိပ်လုပ်ငန်းများ အချိန်မီ အပ်နှံဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကျွန်းစုမြို့နယ် တာလပိုင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကျွန်းစု ဩဂုတ် ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တာလပိုင်းကျေးရွာအုပ်စု တာလပိုင်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာထူထောင်ရေး (Smart Village)စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါနှင်းသန္တာက ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ မူဝါဒများနှင့်ကျေးလက်ပြည်သူများ မိမိတို့ကျေးရွာအပေါ် ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးရွာကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကော်မတီဝင်၁၁ဦးကိုအများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးလှိုင်မျိုးသက်အောင်က အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်း၊ နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးစသည့်ကဏ္ဍခြောက်ရပ်ကို သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခင်သာကျေးရွာ၌ နို့စားနွား မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ပိတောက်အဖွဲ့၊ ကံ့ကော်အဖွဲ့၊ ငုဝါအဖွဲ့၊ ချယ်ရီအဖွဲ့မှ အဖွဲ့ဝင် ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဂါဇာဒေသကို ဆက်လက်တိုက်ခိုက်နေမှုအတွက် ဒေသတွင်းနိုင်ငံများ အစ္စရေးကို ပြစ်တင်ရှုတ်ချ



**အစ္စတန်ဘူလ် ဩဂုတ် ၇**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနိုင်ငံက စစ်ရေးအရဆက်လက် တိုက်ခိုက်နေမှုများကို ဆော်ဒီအာရေဗျ၊ အီဂျစ်၊ ယူအေအီး၊ တူကီယဲနှင့် အခြားနိုင်ငံတို့က ဩဂုတ် ၆ ရက်တွင် ဝေဖန်ရှုတ်ချခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အရပ်ဘက်အခြေခံအဆောက်အအုံတို့ကို တိုက်ခိုက်ခြင်းဖြင့် ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို ချိုးဖောက်နေကြောင်း အဆိုပါနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ပူးတွဲကြေညာချက်တွင် ကာတာ၊ ဂျော်ဒန်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများလည်း ပါဝင်လက်မှတ် ရေးထိုးထားကြောင်း သိရသည်။

အဆိုပါ ပူးတွဲကြေညာချက်တွင် အစ္စရေးနိုင်ငံကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အချက် ၂၀ ပါ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်ကို ဖျက်ဆီးနေသူအဖြစ် ဝေဖန်ထားသော်လည်း ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စု၏ သဘောတူညီချက်ချိုးဖောက်မှုများကို လျစ်လျူရှုထားကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂါဇာကမ်းမြောင်ဒေသသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေးအဆိုပြုချက် ယူဂန်ဒါလွှတ်တော် အတည်ပြု




**ကမ်ပါလာ ဩဂုတ် ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်တွင် အဆိုပြုထားသော နိုင်ငံစုံ လုံခြုံရေးတပ်ဖွဲ့အတွက် လိုအပ်လာပါက ယူဂန်ဒါတပ်ဖွဲ့ဝင်များ ဂါဇာကမ်းမြောင်ဒေသသို့ စေလွှတ်ရေး အဆိုပြုချက်ကို ယူဂန်ဒါလွှတ်တော်က ဩဂုတ် ၆ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသ တည်ငြိမ်ရေးကို တာဝန်ယူထိန်းသိမ်းပေးမည့် နိုင်ငံစုံတပ်ဖွဲ့၌ ယူဂန်ဒါတပ်ဖွဲ့ဝင်များပါဝင်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုနှစ် ဇူလိုင်လအတွင်း သံတမန်များစေလွှတ်၍ ဆက်သွယ်တိုက်တွန်းထားကြောင်း ယူဂန်ဒါကာကွယ်ရေးဝန်ကြီး ကာယိုဝါကီဝါနူကာက လွှတ်တော်၌ ထုတ်ဖော်ပြောကြားထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ရေးပဋိပက္ခ စတင်ခဲ့သည်။ သို့ရာတွင် ပြီးခဲ့သည့်နှစ်အောက်တိုဘာလတွင် အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အဆိုပြုထားသော ဂါဇာကမ်းမြောင်ဒေသ ငြိမ်းချမ်းရေးအစီအစဉ်တွင် ဟားမတ်စ်အုပ်စုလက်နက်ဖြုတ်သိမ်းရေး၊ အစ္စရေးတပ်များ ပြန်လည်ရုပ်သိမ်းရေး၊ ဂါဇာကမ်းမြောင်ဒေသ၌ နိုင်ငံစုံတပ်ဖွဲ့တစ်ဖွဲ့ဖြန့်ကြက်ရေး အချက်အလက်များလည်း ပါဝင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်နှင့် အစ္စရေးသင်္ဘောများကို ဟော်မုဇ်ရေလက်ကြား ဖြတ်သန်းခွင့်ပိတ်ရန် အီရန်စဉ်းစားနေ

**တီဟီရန် ဩဂုတ် ၇**

အမေရိကန်၊ အစ္စရေးနှင့်အခြားရန်သူ့နိုင်ငံများမှ ရေယာဉ်များကို ဟော်မုဇ်ရေလက်ကြား ဖြတ်သန်းခွင့်ပိတ်ပင်မည့် ပဏာမဥပဒေကြမ်းတစ်ရပ်ကို အီရန်လွှတ်တော်ကော်မတီတစ်ရပ်က သုံးသပ်နေကြောင်း အီရန်နိုင်ငံပိုင်မီဒီယာများက ဩဂုတ် ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ပဏာမဥပဒေကြမ်းတွင် ကန့်သတ်ချက်များကို ချိုးဖောက်သည့် သင်္ဘောပေါ်တွင် သယ်ဆောင်ထားသည့် ကုန်စည်တန်ဖိုး စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ကောက်ခံရန် အဆိုပြုထားကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဥပဒေကြမ်းကို ကျွမ်းကျင်သူများက သုံးသပ်နေခြင်းဖြစ်ပြီး အချောသပ်မရေးဆွဲမီ အကြံဉာဏ်များတင်သွင်းရန် ကျွမ်းကျင်သူများကို ဖိတ်ခေါ်ထားကြောင်း အီရန်လွှတ်တော်အမတ်များက ပြောကြားထားသည်။

ဟော်မုဇ် ရေလက်ကြားသည် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး လုပ်ငန်းအတွက် အရေးပါသော မဟာဗျူဟာမြောက်ရေလမ်းကြောင်းဖြစ်သည်။

ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မကြာမီကာလအတွင်း အချိန်မရွေးရရှိနိုင်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၅ ရက်တွင် ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူ ၃၀၈ ဦးကို နိုင်ဂျီးရီးယားလုံခြုံရေးတပ်များ ကယ်တင်နိုင်ခဲ့

**အဘူဂျာ ဩဂုတ် ၇**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း နိုင်ဂျာနှင့် ကွာရာပြည်နယ်တို့၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအတွင်း ဖမ်းဆီးပြန်ပေးဆွဲခံထားရသူ ၃၀၈ ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်တင်နိုင်ခဲ့ကြောင်း ဩဂုတ် ၆ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဓားစာခံများကို နိုင်ဂျာပြည်နယ် ကိုင်ဂျီလိတ်ခ် အမျိုးသားဥယျာဉ်သစ်တောအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ ပြန်လည် ကယ်တင်နိုင်ခဲ့သော ဓားစာခံများအနက် ၁၆၃ ဦးမှာ ကွာရာပြည်နယ် တိုက်ခိုက်မှုများအတွင်း ဖမ်းဆီးခံခဲ့ရသူများဖြစ်ပြီး ၁၄၅ ဦးတို့မှာ နိုင်ဂျာပြည်နယ်မှ ဖမ်းဆီးခံခဲ့ရသူများ ဖြစ်ကြောင်း သိရသည်။

အဆိုပါဓားစာခံ ၃၀၈ ဦးတို့ကို နိုင်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၅ ရက်တွင် ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဓားစာခံများကကယ်တင်နိုင်မှုသည် နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များက တစ်ရက်တည်းဖြင့် ဓားစာခံဦးရေအများဆုံးကယ်တင်နိုင်မှုဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူက ပြောကြားထားသည်။

သမ္မတ ဘိုလာတီနူဘူသည် ပြည်တွင်းလုံခြုံရေးပြဿနာများကိုင်တွယ်ရာတွင် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များကို စိတ်ပိုင်းဆိုင်ရာအရ အားပေးမြှင့်တင်နိုင်ရေးအတွက် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များ လစာကို ၈၀ ရာခိုင်နှုန်းမြှင့်တင်ပေးရန် သဘောတူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟူသီလက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဆော်ဒီအာရေဗျ၌ အရပ်သား ၁၁ ဦးဒဏ်ရာရ

**ရီယာ့ဒ် ဩဂုတ် ၇**

ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံတောင်ပိုင်း၌ ဩဂုတ် ၆ ရက်က အရပ်သား ၁၁ ဦး ဒဏ်ရာရခဲ့ကြောင်း RT သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့နှင့် အီရန် ကျောထောက်နောက်ခံပြုအီရတ် လက်နက်ကိုင်အဖွဲ့များ၏ ပေါင်းစပ်တိုက်ခိုက်မှုများ အချိန်မရွေးဖြစ်ပွားနိုင်ကြောင်း ဆော်ဒီအာရေဗျ အာဏာပိုင်များက သတိပေးထားချိန်တွင် အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၆ ရက်တွင် ဟူသီလက်နက်ကိုင်အဖွဲ့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဆော်ဒီအာရေဗျတောင်ပိုင်း နာဂျရန်ပြည်နယ်၌ အရပ်သား ၁၁ ဦး ဒဏ်ရာရခဲ့ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သော ပင်လယ်ကွေ့ညွန့်ပေါင်းအုပ်စု ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။



ဟူသီ လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံသား ခုနစ်ဦး၊ ယီမင်နိုင်ငံသားတစ်ဦး၊ အီဂျစ်နိုင်ငံသားနှစ်ဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အရပ်သားများကို ကာကွယ်ရေးအတွက်လိုအပ်သည့် လုပ်ငန်းအစီအမံများ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပင်လယ်ကွေ့မဟာမိတ် ညွန့်ပေါင်းအုပ်စုက သတင်းထုတ်ပြန်ထားသည်။

ဆော်ဒီအာရေဗျ ဦးဆောင်သော ပင်လယ်ကွေ့နိုင်ငံများ မဟာမိတ်အုပ်စုသည် နိုင်ငံတကာအသိအမှတ်ပြု ယီမင်အစိုးရကို အားပေးထောက်ခံနေသော အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# စပေ့အိတ်ကုမ္ပဏီက AST SpaceMobile ကုမ္ပဏီ၏ ဘလူးဘာ့ဒ်ဂြိုဟ်တုသုံးစင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် AST SpaceMobile ကုမ္ပဏီ၏ ဘလူးဘာ့ဒ်ဂြိုဟ်တု သုံးစင်းကို ဩဂုတ် ၅ ရက်တွင် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ဘလူးဘာ့ဒ်ဂြိုဟ်တုသုံးစင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တင်ပြီး ၅၃ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဘလူးဘာ့ဒ်ဂြိုဟ်တု သုံးစင်းကို ၁၁ မိနစ်အတွင်း သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဘလူးဘာ့ဒ် ဂြိုဟ်တုများသည် ဆဲလ်ဖုန်းများကို အင်တာနက် ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သော ဆက်သွယ်ရေးဂြိုဟ်တုများ ဖြစ်ကြသည်။

ဩဂုတ် ၅ ရက်မစ်ရှင် အောင်မြင်မှုကြောင့် AST SpaceMobile ကုမ္ပဏီ၏ ဘလူးဘာ့ဒ်ဆက်သွယ်ရေးဂြိုဟ်တုအုပ်စု၌ ဂြိုဟ်တု စင်းရေ ၁၃ စင်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက် နိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ပိုးသတ်ဆေးနှင့်ထိတွေ့မှုမြင့်မားသူများ ALS ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဩဂုတ် ၇**

အလုပ်ခွင်၌ ပိုးသတ်ဆေးနှင့် ထိတွေ့မှု မြင့်မားသူများသည် Amyotrophic Lateral Sclerosis (ALS) ခေါ် ရောဂါတစ်မျိုးဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ALS ရောဂါသည် Motor Neuron Disease ခေါ် အာရုံနှာဗ်ဆဲလ် ရောဂါတစ်မျိုးဖြစ်ပြီး ကိုယ်ခန္ဓာ၏ အလိုအလျောက် လှုပ်ရှားမှုများကို ထိန်းချုပ်ရာတွင် တာဝန်ရှိသည့် အာရုံနှာဗ်ဆဲများကို ဖျက်ဆီးတတ်သော ရောဂါမျိုးဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လုပ်ငန်းခွင်အတွင်း ပိုးသတ်ဆေးများနှင့် အထိအတွေ့များမှုကြောင့် ALS ရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် ၆၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၀၀၀ ကျော် ပါဝင်သော လေ့လာချက်ပေါင်း ရှစ်ခုတို့ကို ပြန်လည်ဆန်းစစ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ALS ရောဂါသည် အထိုက်အလျောက် အဖြစ်နည်းသည့် အာရုံနှာဗ်ဆဲလ် ရောဂါတစ်မျိုးဖြစ်သော်လည်း ဖြစ်ပွားနှုန်းမြင့်တက်လာကြောင်း၊ ပုံမှန်အားဖြင့် အသက်အန္တရာယ်ရှိသည့် ရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါကို ကုသနိုင်သည့် သီးခြားကုထုံး မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ကမ္ဘာဂြိုဟ်အတွက်အန္တရာယ်ရှိသည့် ဂြိုဟ်သိမ်များကို နျူကလီးယားဖောက်ခွဲရေးပစ္စည်း မြှုပ်နှံဖောက်ခွဲနိုင်မည့် အကောင်းဆုံးနည်းလမ်းကို တရုတ်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

**ပေကျင်း ဩဂုတ် ၇**

ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိသည့် အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်များကို နျူကလီးယား ဖောက်ခွဲရေးပစ္စည်း မြှုပ်နှံဖောက်ခွဲနိုင်မည့် အကောင်းဆုံးနည်းလမ်းကို တရုတ်သိပ္ပံပညာရှင်များက ဖော်ထုတ် တွေ့ရှိထားကြောင်း ဩဂုတ် ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



ဂြိုဟ်သိမ်များသည် အဓိက အန္တရာယ်ကြီးများထဲတွင် ပါဝင်ပြီး ဂြိုဟ်သိမ်များ ဝင်တိုက်မှုကြောင့် ကမ္ဘာ့ပတ်ဝန်းကျင် ပျက်စီးမှုများ၊ သက်ရှိများ အစုအပြုံလိုက် ပျက်သုဉ်းမှုများ အတိတ်ကာလက ရှိခဲ့ဖူးသည်။

တရုတ် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာဂြိုဟ်အား အန္တရာယ်ပေးနိုင်သည့် အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်များကို ဖျက်ဆီးနိုင်မည့် ပတ်လမ်းပြောင်းပေးနိုင်မည့် အထိရောက်ဆုံးနည်းလမ်းမှာ နျူကလီးယား ဖောက်ခွဲမှုဖြစ်သည်။

အရွယ်အစား ကြီးမားသည့် ဂြိုဟ်သိမ်များကို အာကာသယာဉ်တစ်စင်း၏အကူအညီဖြင့် မြေတွင်းတူးဖောက်ခွဲ၍ နျူကလီးယားဖောက်ခွဲရေးပစ္စည်း ထည့်သွင်းဖောက်ခွဲခြင်းဖြင့် ဂြိုဟ်သိမ်များကို ဖျက်ဆီးနိုင်ကြောင်း သို့မဟုတ် ပတ်လမ်းကိုပြောင်းလဲနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက အဆိုပြုထားသည်။

တရုတ် သိပ္ပံပညာရှင်များ၏ အဆိုအရ ဟီရိုရှီးမားနျူကလီးယားဗုံးထက် အဆ ၂၀၀ ပိုမိုပြင်းထန်သော နျူကလီးယားဖောက်ခွဲမှုသည် အချင်းမီတာ ၁၀၀ ခန့်ရှိ ဂြိုဟ်သိမ်တစ်စင်းကို အပြည့်အဝ ဖောက်ခွဲ ဖျက်ဆီးနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် နျူကလီးယား ဖောက်ခွဲရေးပစ္စည်းကို ဂြိုဟ်သိမ် မျက်နှာပြင်အောက် မီတာ ၃၀ ခန့် အနက်တွင် ထည့်သွင်းဖောက်ခွဲခဲ့ပါက ဂြိုဟ်သိမ်၏အရှိန်ကို ပြောင်းလဲနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# Daraxonrasib ဆေးသစ်တစ်မျိုးက ပန်ကရိယကင်ဆာကုသရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဩဂုတ် ၇**

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Daraxonrasib အမည်ရှိ ဆေးသစ်တစ်မျိုးသည် ပန်ကရိယကင်ဆာရောဂါ ကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပန်ကရိယကင်ဆာရောဂါသည် ကုသရန်အခက်ခဲဆုံး ကင်ဆာရောဂါများထဲတွင်ပါဝင်ပြီး ၎င်းရောဂါကို ကုသရေးအတွက် ဓာတုကုထုံးကိုသာ အဓိကအားပြုနေရကြောင်း သိရသည်။


သို့ရာတွင် အမေရိကန် သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Daraxonrasib ဆေးသည် ပန်ကရိယလူနာများ အသက်ရှင်နိုင်သည့် ကာလကို ဆန့်ထုတ်ပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဓာတုကုထုံးကို ပြန်လည် တုံ့ပြန်နိုင်မှုမရှိတော့သည့် ပန်ကရိယကင်ဆာ လူနာ ၅၀၀ တို့ကို Daraxonrasib ဆေးဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြသည်။

အထက်ပါ စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ Daraxonrasib ဆေးဖြင့် ကုသမှုခံယူထားသော လူနာများ၌ ၁၃ ဒသမ ၂ လထိ အသက်ရှင်ချိန် ပိုများလာသည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



# စပေ့အိတ်ကုမ္ပဏီက ယခုနှစ်၏ အကြိမ် ၉၀ မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို လွှတ်တင်

**ဝါရှင်တန် ဩဂုတ် ၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်၏ အကြိမ် ၉၀ မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံ မစ်ရှင်အဖြစ် စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုများကို ဩဂုတ် ၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၁ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့် အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၃၄ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင် အောင်မြင်မှုကြောင့်စပေ့အိတ်ကုမ္ပဏီ၏စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ဂြိုဟ်တုစင်းရေ ၁၀၉၀၀ ခန့်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ၂၀၂၆-၂၀၂၇ ခုနှစ်ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရသည့် ကလပ်အသင်းများအကြောင်း

M
L




ယူရိုပါလိဂ်ပြိုင်ပွဲဟာ ဥရောပဘောလုံးသမိုင်းမှာ ယူအီးအက်ဖ်အေက ဦးဆောင်ကျင်းပတဲ့ ဒုတိယအမြင့်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ယူရိုပါလိဂ်ပြိုင်ပွဲကို ၁၉၇၁ ခုနှစ်ကစတင်ကျင်းပခဲ့ပြီး စတင်ချိန်မှာတော့ ယူအီးအက်ဖ်အေဖလားအနေနဲ့ ကျင်းပခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ၂၀၀၉ ခုနှစ်မှာတော့ ယူရိုပါလိဂ်ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့တာဖြစ်ပြီး အုပ်စုအဆင့်ကနေရှုံးထွက်အဆင့်ကို တက်ရောက်တဲ့စနစ်နဲ့ပဲ ယှဉ်ပြိုင်လာခဲ့တာဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ်ရောက်ရှိချိန်မှာတော့ ပြိုင်ပွဲပုံစံကို အမှတ်ပေးဇယားပုံစံနဲ့ ပြောင်းလဲကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက်ကိုလဲ ၃၆ သင်းထိတိုးမြှင့်ခဲ့တာကို တွေ့ရမှာပါ။ ဒီပြိုင်ပွဲမှာတော့ ဆုဖလားရရှိခဲ့တဲ့ကလပ်အသင်း ၃၁ သင်းထိရှိခဲ့ပြီး စပိန်လာလီဂါကလပ်အသင်းတွေက ၁၄ ကြိမ်ထိ အများဆုံးရရှိခဲ့သလို ဆီဗီလာအသင်းကတော့ ဆုဖလားခုနစ်ကြိမ်နဲ့ သမိုင်းတစ်လျှောက် ဆုဖလားအများဆုံးရယူထားတဲ့အသင်းဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အင်္ဂလန်ပရီးမီးယားလိဂ်ကလပ်အသင်းတွေက ဆုဖလား ၁၃ ကြိမ်၊ အီတလီစီးရီးအေကလပ်အသင်းတွေက ဆုဖလား ၁၀ ကြိမ် အသီးသီးရရှိခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးဆုဖလားရရှိထားတဲ့ အသင်းကတော့ ပရီးမီးယားလိဂ်ကလပ် အေဗီလာအသင်းဖြစ်ပါတယ်။

**အဆင့်သတ်မှတ်ချက်နှင့် ဝင်ခွင့်ရအသင်းများ**

၂၀၂၆-၂၀၂၇ ခုနှစ်ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲကိုတော့ ယူအီးအက်ဖ်အေအဖွဲ့ဝင်နိုင်ငံ ၄၀ ထဲက ပြိုင်ပွဲဝင်ကလပ်အသင်းပေါင်း ၇၆ သင်းထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရထားပါတယ်။ ဒါကြောင့် ယူအီးအက်ဖ်အေ အဆင့်(၁) ကနေ အဆင့် (၁၂)ထိရရှိတဲ့နိုင်ငံတွေက နှစ်သင်းစီပါဝင်ခွင့်ရထားပြီး အဆင့် (၁၃) ကနေ အဆင့် (၃၃)ထိရရှိတဲ့နိုင်ငံတွေက ကလပ်အသင်းတစ်သင်းစီပါဝင်ခွင့်ရတာကိုတွေ့ရမှာပါ။ နောက်ထပ် အသင်းတွေကနေ ချန်ပီယံလိဂ်ပြိုင်ပွဲ **Play-offs** အဆင့်ကနေ ထွက်ခွာလာရတဲ့အသင်းတွေက ယူရိုပါလိဂ်ပြိုင်ပွဲကို ပါဝင်ကစားခွင့်ရတာဖြစ်ပါတယ်။ အခုနှစ်မှာတော့ ယူအီးအက်ဖ်အေ အဆင့်(၁) ရထားတဲ့ အင်္ဂလန်ပရီးမီးယားလိဂ်က ဘုန်းမောက်အသင်း၊ ဆန်းဒါးလန်းအသင်းတို့ပါဝင်ခွင့်ရထားပေမဲ့ ပဲလေ့စ်အသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ယူရိုပါကွန်ဖရင့်လိဂ်ချန်ပီယံဆုဖလားရယူနိုင်ခဲ့တာကြောင့် အခုနှစ်မှာ ယူရိုပါလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ရောက်ခွင့်ရခဲ့လို့ ပရီးမီးယားလိဂ်က ကလပ်အသင်းသုံးသင်းထိ ယှဉ်ပြိုင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ ယူအီးအက်ဖ်အေအဆင့်(၂)က အီတလီစီးရီးအေကလဲ နှစ်သင်းပါဝင်ခွင့်ရထားပြီး အေစီမီလန်အသင်း၊ ဂျူဗင်တပ်အသင်းတို့ပဲဖြစ်ပါတယ်။

ယူအီးအက်ဖ်အေအဆင့်(၃) နေရာက စပိန်လာလီဂါကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီက အမှတ်ပေးဇယားအဆင့် (၆) နေရာက ဆဲလ်တာဗီဂိုအသင်းနဲ့ ကိုပါဒယ်ရေးဖလားရခဲ့တဲ့ ဆိုစီဒက်အသင်းတို့က ပါဝင်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ အဆင့် (၄) နေရာက ဂျာမန်ဘွန်ဒက်လီဂါကတော့ ဟော်ဖန်ဟိမ်းအသင်း၊ လေဗာကူဆင်အသင်းတို့က ယှဉ်ပြိုင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ ယူအီးအက်ဖ်အေအဆင့်(၅) နေရာက ပြင်သစ်လီဂူးဝမ်းကတော့ မာဆေးအသင်း၊ ရင်းနက်အသင်းတို့ ကစားခွင့်ရထားတာဖြစ်ပါတယ်။ အဆင့်(၆)က နယ်သာလန်လိဂ်ကတော့ အယ်ခမာအသင်းနဲ့ တွမ်တီးအသင်းတို့ပါဝင်ခွင့်ရထားပြီး အဆင့် (၇) က ပေါ်တူဂီလိဂ်က တိုရန်စီအသင်းနဲ့ ဘင်ဖီကာအသင်းတို့ ဖြစ်ပါတယ်။ အဆင့် (၈)က ဘယ်လ်ဂျီယံလိဂ်ကတော့ ထရူဒန်စီအသင်းနဲ့ အန်ဒါလက်အသင်းတို့ဖြစ်ပြီး အဆင့် (၉) က ချက်လိဂ်ကတော့ ပလာဇန်အသင်းနဲ့ ခရာလိုဗီအသင်းတို့ ပါဝင်ကစားခွင့်ရတာကိုတွေ့ရမှာပါ။ အဆင့် (၁၀) က တူကီယဲလိဂ်ကတော့ ထရက်ဇွန်စပေါ်အသင်းနဲ့ ဘက်ဆစ်တက်အသင်းတို့ဖြစ်ပြီး အဆင့် (၁၁) က နော်ဝေလိဂ်ကတော့ လိုင်လီစတုန်းအသင်းနဲ့ ထရွန်မိုအသင်းတို့က ပါဝင်ကစားခွင့်ရတာဖြစ်ပါတယ်။ ယူအီးအက်ဖ်အေအဆင့် (၁၂) က ဂရိလိဂ်ကလပ်အသင်းတွေကတော့ ခရီတီအသင်းနဲ့ ပေါက်အသင်းတို့က ယူရိုပါလိဂ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။

ဒါပေမဲ့ ယူအီးအက်ဖ်အေအဆင့်(၁၃)ကနေ အဆင့် (၃၃)မှာ ရပ်တည်နေတဲ့လိဂ်တွေကတော့ ပြိုင်ပွဲဝင်အသင်းတစ်သင်းသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရထားပြီး အဲဒီအသင်းတွေကလဲ ခြေစစ်ပွဲပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်တွေက ဝင်ရောက်ကစားရတဲ့ အသင်းတွေဖြစ်တာကိုတွေ့ရမှာပါ။ အခုနှစ်ယူရိုပါလိဂ်ပြိုင်ပွဲကိုတော့ တိုက်ရိုက်ဝင်ခွင့်ရထားတဲ့ အသင်း ၁၃ သင်းက ပရီးမီးယားလိဂ်က ပဲလေ့စ်အသင်း၊ ဘုန်းမောက်အသင်း၊ ဆန်းဒါးလန်းအသင်း၊ စပိန်လာလီဂါက ဆဲလ်တာဗီဂိုအသင်း၊ ဆိုစီဒက်အသင်း၊ အီတလီစီးရီးအေက အေစီမီလန်အသင်း၊ ဂျူဗင်တပ်အသင်း၊ ဂျာမန်ဘွန်ဒက်လီဂါက ဟော်ဖန်ဟိမ်းအသင်း၊ လေဗာကူဆင်အသင်း ၊ ပြင်သစ်လီဂူးဝမ်းက ရင်းနက်အသင်း၊ မာဆေးအသင်း၊ ပေါ်တူဂီလိဂ်က တိုရန်စီအသင်း၊ နယ်သာလန်က အယ်ခမာအသင်းတို့ဖြစ်ပါတယ်။ **Play-offs** အဆင့်ကနေပါဝင်ကစားရမဲ့အသင်းတွေကတော့ နော်ဝေကလပ် လိုင်လီစတုန်းအသင်း၊ ဂရိကလပ်ခရီတီအသင်း၊ ဘယ်လ်ဂျီယံကလပ် ထရူဒန်စီအသင်း၊ တူကီယဲကလပ် ထရက်ဇွန်စပေါ်အသင်း၊ ချက်ကလပ် ပလာဇန်အသင်းတို့ဖြစ်ပြီး ခြေစစ်ပွဲတတိယအဆင့်ကနေ ပါဝင်ကစားရမဲ့အသင်းတွေကတော့ ဘယ်လ်ဂျီယံကလပ် အန်ဒါလက်အသင်း၊ ပေါ်တူဂီကလပ် ဘင်ဖီကာအသင်း၊ တူကီယဲကလပ် ဘက်ဆစ်တက်အသင်း၊ ဘူလ်ဂေးရီးယားကလပ် ဆိုဖီယာအသင်း၊ အယ်ဘေးနီးယားကလပ် အန်နာတီယာအသင်း၊ ဟန်ဂေရီကလပ် ဖီရန်ဗားရို့စ်အသင်း၊ ပိုလန်ကလပ် ဂေါ်နစ်ခ်အသင်းနဲ့ လက်ပေါ်ဇနန်အသင်း၊ စကော့တလန်ကလပ် ဟက်စ်အသင်းနဲ့ရိန်းဂျားအသင်း၊ ချက်ကလပ် ခရာလိုဗီအသင်း၊ ဂျော်ဂျီယာကလပ် တာဘလီစီအသင်း၊ ပိုလန်ကလပ် ဂျာဂျီလိုနီးယားအသင်း၊ ဖာရိုးကျွန်းစုကလပ် ကလာစဗစ်ခ်အသင်း၊ ဖင်လန်ကလပ် ကူးပက်စ်အသင်း၊ ဂျီဘရော်တာကလပ် လင်ကွန်းအသင်း၊ မြောက်အိုင်ယာလန်ကလပ် လာနီအသင်း၊ အစ္စရေးကလပ် တဲလ်အဗစ်အသင်း၊ ဆိုက်ပရက်ကလပ် အိုမိုနီးယားအသင်းနဲ့ပါအို့စ်အသင်း၊ ဂရိကလပ် ပေါက်အသင်း၊ ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်း၊ အိုင်ယာလန်ကလပ် ရှမ်းရော့အသင်း၊ ဆွစ်ဇာလန်ကလပ် သွန်းအသင်း၊ ရိုမေးနီးယားကလပ် ခရာအိုဗာအသင်း၊အိုက်စလန်ကလပ် ဗိုက်ကင်းဂါ အသင်းတို့ဖြစ်တာကိုတွေ့ရမှာပါ။

ခြေစစ်ပွဲဒုတိယအဆင့်ကနေ ပါဝင်ကစားခွင့်ရထားတဲ့ အသင်းတွေကတော့ ယူကရိန်းကလပ် ဒိုင်နမိုကိဗ်အသင်း၊ ခရိုအေးရှားကလပ် ဟာဂျီဒက်အသင်း၊ ဆွီဒင်ကလပ် ဟမ်းမားဘိုင်အသင်း၊ ဒိန်းမတ်ကလပ် မစ်ဂျေးလန်အသင်း၊ အဇာဘိုင်ဂျန်ကလပ် ကွာရာဘတ်အသင်း၊ မက်ဆီဒိုးနီးယားကလပ် ရှရစ်အသင်း၊ ဆွစ်ဇာလန်ကလပ် စိန့်ဂါလန်အသင်း၊ နော်ဝေကလပ် ထရွန်ဆိုအသင်း၊ နယ်သာလန်ကလပ် တွမ်တီးအသင်းတို့ဖြစ်ပြီး ခြေစစ်ပွဲပထမအဆင့်ကနေပါဝင်ကစားရတဲ့ အသင်းတွေကတော့ ရိုမေးနီးယားကလပ် ကလုခ်အသင်း၊ အိုင်ယာလန်ကလပ် ဒါရီအသင်း၊ ဆလိုဗေးနီးယားကလပ် အလူမီနီအသင်း၊ အိုက်စလန်ကလပ် ဗက်စထရီအသင်း၊ ဆားဘီးယားကလပ် ဗိုဗိုဒီနာအသင်း၊ ဆလိုဗက်ကီးယားကလပ် ဇလီနာအသင်းတို့ဖြစ်တာကို တွေ့ရမှာပါ။ ခြေစစ်ပွဲ ပထမအဆင့်တွေကိုတော့ ပြီးခဲ့တဲ့ ဇွန် ၁၆ ရက်မှာ မဲခွဲမှုပြုလုပ်ခဲ့ပြီး ဇူလိုင် ၉ ရက်မှာ ပထမအကျော့၊ ဇူလိုင် ၁၆ ရက်မှာ ဒုတိယအကျော့တွေ ကျင်းပခဲ့တာဖြစ်ပါတယ်။ ပထမအဆင့်မှာတော့ ဆိုဖီယာအသင်း၊ ဒိုင်နမိုကိဗ်အသင်း၊ ရှရစ်အသင်း၊ ဖီရန်ဗားရို့စ်အသင်း၊ ဟာဂျီဒက်အသင်း၊ ကွာရာဘတ်အသင်းတို့နိုင်ပွဲရခဲ့ပြီး ဒုတိယအဆင့်ကို တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။

ခြေစစ်ပွဲဒုတိယအဆင့်ပွဲစဉ်ကိုတော့ ဇွန် ၁၇ ရက်မှာ မဲခွဲခဲ့ပြီး ပထမအကျော့ကို ဇူလိုင် ၂၃ ရက်နဲ့ ဒုတိယအကျော့ကို ဇူလိုင် ၃၀ ရက်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာတော့ တဲလ်အဗစ်အသင်း၊ ဘက်ဆစ်တက်အသင်း၊ ခရာလိုဗီအသင်း၊ ပါအို့စ်အသင်း၊ ပေါက်အသင်း၊ ဆိုစီယာအသင်း၊ အန်ဒါလက်အသင်း၊ ဖီရန်ဗားရို့စ်အသင်း၊ ဘင်ဖီကာ အသင်းတို့နိုင်ပွဲရခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ခြေစစ်ပွဲတတိယအဆင့်ကိုတော့ ဇူလိုင် ၂၀ ရက်မှာမဲခွဲမှုပြုလုပ်ခဲ့ပြီး ဩဂုတ် ၆ ရက်မှာ ပထမအကျော့ယှဉ်ပြိုင်ကစားကာ ဩဂုတ် ၁၃ ရက်မှာ ဒုတိယအကျော့ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာအနိုင်ရတဲ့အသင်းတွေက **Play-offs** အဆင့်က အသင်းတွေနဲ့ထပ်မံကစားရမှာဖြစ်ပါတယ်။ **Play-offs** ပွဲစဉ်တွေပြီးရင်တော့ အုပ်စုအဆင့်မဲခွဲပွဲကို ဩဂုတ် ၂၈ ရက်မှာပြုလုပ်သွားမှာဖြစ်ပြီး အုပ်စုအဆင့် ပထမပွဲစဉ်ကို စက်တင်ဘာ ၁၆ ရက်နဲ့ ၁၇ ရက်၊ ပွဲစဉ် (၂) ကို အောက်တိုဘာ ၁၆ ရက်၊ ပွဲစဉ် (၃) ကို အောက်တိုဘာ ၂၂ ရက်၊ ပွဲစဉ် (၄) ကို နိုဝင်ဘာ ၅ ရက်၊ ပွဲစဉ် (၅) ကို နိုဝင်ဘာ ၂၆ ရက်၊ ပွဲစဉ် (၆) ကို ဒီဇင်ဘာ ၁၀ ရက်၊ ပွဲစဉ် (၇) ကို၂၀၂၇ခုနှစ် ဇန်နဝါရီ ၂၁ ရက်နဲ့ ပွဲစဉ် (၈) ကိုတော့ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၂၈ မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

အုပ်စုအဆင့်ရှစ်ပွဲကစားအပြီးမှာ အဆင့် (၁) ကနေ အဆင့် (၈) ထိ ရပ်တည်နိုင်တဲ့အသင်းတွေကတော့ ၁၆ သင်းရှုံးထွက်အဆင့်ကို တိုက်ရိုက်ကစားခွင့်ရမှာဖြစ်ပြီး အဆင့် (၉) ကနေ အဆင့် (၂၄) ထိ အသင်းတွေကတော့ ၁၆ သင်းအဆင့်ရောက်ရှိဖို့အတွက် **Play-offs** ထပ်မံကစားရမှာဖြစ်ကာ အနိုင်ရတဲ့အသင်းတွေက နောက်တစ်ဆင့် ကစားခွင့်ရမှာဖြစ်ပါတယ်။ **Play-offs** အဆင့်ကိုတော့ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှာမဲခွဲမှုပြုလုပ်မှာဖြစ်ပြီး ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၈ ရက်နဲ့ ဒုတိယအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ၁၆ သင်းရှုံးထွက်အဆင့်ကနေ ဗိုလ်လုပွဲထိ ပွဲစဉ်တွေကိုတော့ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ မဲခွဲမှုထပ်မံပြုလုပ်မှာဖြစ်ပြီး ပထမအကျော့ပွဲစဉ်တွေကိုတော့ မတ် ၁၁ ရက်နဲ့ ဒုတိယအကျော့ပွဲစဉ်တွေကို မတ် ၁၈ ရက်မှာ ကျင်းပသွားမှာကိုတွေ့ရမှာပါ။ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ကိုတော့ လာမဲ့နှစ် ဧပြီ ၈ ရက်မှာ ပထမအကျော့ပွဲစဉ်တွေကစားသွားမှာဖြစ်ပြီး ဧပြီ ၁၅ ရက်မှာတော့ ဒုတိယအကျော့ပွဲစဉ်တွေကို ကျင်းပသွားမှာကိုတွေ့ရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွေကိုတော့ လာမဲ့နှစ် ဧပြီ ၂၉ ရက်နဲ့ ဒုတိယအကျော့ ပွဲစဉ်တွေကိုတော့ လာမဲ့နှစ် မေ ၆ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဗိုလ်လုပွဲစဉ်ကိုတော့ လာမဲ့နှစ် မေ ၂၆ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှာ ကျင်းပသွားမှာဖြစ်ကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါတယ်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

“ Different Contexts, Common Aspirations ”

“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၇

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# လူငယ်နှင့်တီထွင်ခြင်း

**ဒေါက်တာလွင်သန့်**

လူငယ်များသည် တတ်ကြွသောစိတ်ကူးဉာဏ်၊ စူးစမ်းလိုစိတ်နှင့် စွန့်စားရဲသော ခွန်အားရှိကြသည်။ ၎င်းတို့၏ တီထွင်ဖန်တီးနိုင်စွမ်းသည် နည်းပညာအသစ်များဖော်ထုတ်ခြင်းနှင့် လူမှုရေးပြဿနာများကို ဖြေရှင်းခြင်းတို့အတွက် အလွန်အရေးကြီးသည်။

တီထွင်ခြင်းတွင် အဓိကအချက်များရှိသည်။ နည်းပညာအသုံးချမှုတွင် လူငယ်များသည် ဉာဏ်ရည်တုနည်းပညာ(AI)နှင့် အင်တာနက်ကို အသုံးပြု၍ ကိုယ်ပိုင်စိတ်ကူးသစ်များ ဖန်တီးကြသည်။ စွန့်ဦးတီထွင်ခြင်းတွင် စိတ်ကူးသစ်များကို စီးပွားရေးလုပ်ငန်းများအဖြစ် လက်တွေ့အကောင်အထည်ဖော် ခြင်းဖြစ်သည်။ ပြဿနာဖြေရှင်းခြင်းတွင် မိမိပတ်ဝန်းကျင်ရှိ အခက်အခဲများကို ဆန်းသစ်သောနည်းလမ်းများဖြင့် ဖြေရှင်းခြင်းဖြစ်သည်။

ဆန်းသစ်သောအတွေးအခေါ်များဖြင့် ပြဿနာများကို နည်းလမ်းသစ်များနှင့် ဖြေရှင်းရန်စဉ်းစားခြင်းဖြစ်သည်။

လူငယ်ဆိုသည်မှာ လူသားမျိုးနွယ်စု၏အသီးအပွင့်များဖြစ်သည်။ သဘာဝမှမွေးဖွားလာသော အသီးအပွင့်တို့သည် သေသပ်လှပသကဲ့သို့ လူငယ်တို့၏စိတ်ဓာတ်ခွန်အားသည်လည်း လန်းဆန်းတတ်ကြွမှုရှိသည်။ လူငယ်များသည် နောင်တစ်ချိန်မျိုးဆက်အတွက် မျိုးစေ့များလည်းဖြစ်သည်။ ထို့ကြောင့် လူငယ်များကို အနာဂတ်၏သားကောင်း၊ သမီးကောင်းများ၊ မျိုးဆက်သစ်များဟု တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များဖြစ်သည်နှင့်အညီ ခေတ်၏နောက်သို့ လိုက်လျောညီထွေ ပြုမူနေထိုင်နိုင်ရန်အတွက် ခေတ်ကိုထိုးဖောက်၍ တီထွင်ကြံဆရန် လိုအပ်သည်။ ရာစုနှစ် တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီး တစ်ခေတ် ပြောင်းလဲလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းလည်းမြင့်မားလာကြသည်။

နည်းပညာဟူသည် ခေတ်စနစ်တိုင်းတွင် တည်ရှိသည်။ တည်ရှိသောနည်းပညာများကို သမားရိုးကျ ပြုမူဆောင်ရွက်ခြင်းနှင့် ပြုပြင်ထီတွင်ကြံဆခြင်းဟူသောအချက် နှစ်ချက်အပေါ်မူတည်ကာ တိုးတတ်မှုသည်လည်း ပြောင်းလဲနေသည်။

နည်းပညာဆိုရာ၌ ပညာဟူသည်သင်ယူတတ်မြောက်ရမည့်အရာဖြစ်သည်။ ပညာသင်ယူတတ်မြောက်ထားမှသာလျှင် ကောင်းဆိုးနှစ်တန် ခွဲခြားသိမြင်နိုင်သည်။ ထိုးထွင်းကြံဆ၍ ဆောင်ရွက်နိုင်စွမ်းရှိပေသည်။ နည်းပညာဟူသည်ကား လိုက်နာရမည့်ကျင့်ထုံးများ၊ မိမိကိုယ်ပိုင်ဉာဏ်စွမ်းများဖြင့် တီထွင်ကြံဆမှုများကို ဆိုလိုသည်။

ထို့ကြောင့် နည်းပညာဟူသည်မှာ သင်ယူတတ်မြောက်ထားသောပညာများဖြင့် တီထွင်ကြံဆမှုများကို ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထိုသို့ နည်းပညာကို နားလည်မှသာလျှင် ခေတ်နှင့်အညီပြောင်းလဲ၍လူမှုပတ်ဝန်းကျင်တွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့၌ ခေတ်မီ၍ ခေတ်ကိုရှေ့ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အားလုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်သော နည်းပညာများကိုလျစ်လျူရှုထားခြင်း မပြုလုပ်ရန် အဓိကကျပေသည်။

ကမ္ဘာကြီးသည် အရှိန်အဟုန်ကောင်းစွာဖြင့် လက်မှုစနစ်မှစက်မှုစနစ်ကို ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ နည်းပညာတိုးတတ်ပြောင်းလဲမှုနှင့်အတူ တီထွင်ကြံဆမှုသည်လည်း မြင့်မားလာခဲ့သည်။ နည်းပညာထွန်းကားရာ အရပ်ဒေသများဆီသို့ သွားရောက်လေ့လာ၍ နည်းပညာရှာဖွေရသည့် အခြေအနေ မဟုတ်တော့ပေ။

စာအုပ်စာပေကို အချိန်ပေး၍ဖတ်ရှုခြင်း၊ ရှာဖွေရခြင်းဖြင့် နည်းပညာဗဟုသုတ ရှာဖွေနိုင်သကဲ့သို့ ကမ္ဘာကြီးတစ်ခုလုံးသို့ အချိန်တိုကာလအတွင်း ထိုးဖောက်လေ့လာခွင့်ရှိသော နည်းပညာများကလည်း ကျယ်ပြန့်လာခဲ့သည်။ ခေတ်မီနည်းပညာများသည် လူသားတို့၏တီထွင်မှုနှင့်အတူ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းကဲ့သို့ပင် တိုးတက်ပြောင်းလဲနေပေသည်။

၂၁ ရာစုသည် ကမ္ဘာတစ်ဝန်းလုံး၌ စီးပွားရေးအရှိန်အဟုန်မြင့်မားလာမှု၊ နည်းပညာအသစ်အဆန်းများ တိုးပွားလာမှု၊ အပြိုင်အဆိုင်များပြားလာမှုစသော ၂၁ ရာစု၏စိန်ခေါ်မှုများကို ရင်ဆိုင်နေသည့်အချိန်ဖြစ်သည်။ သိပ္ပံပညာရပ်များ၊ သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးနည်းပညာများ၊ စက်မှုပညာရပ်များသည် အပြိုင်အဆိုင် တီထွင်ကြံဆမှုများနှင့် တစ်ပြေးညီစွာ အံ့မခန်းအရှိန်အဟုန်ပြင်းပြင်းဖြင့် ထွန်းကားတိုးတက်နေပြီဖြစ်သည်။

လူငယ်နှင့်နည်းပညာဟူသည်ကား လူသားတို့၏ တီထွင်ကြံဆမှုများသာ ဖြစ်သည်။ လူသားတို့ဖန်တီးထားသော နည်းပညာများကို လူသားတို့ကသာလျှင် ထပ်မံ၍ပြုပြင်မွမ်းမံဖန်တီးခြင်း၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စမ်းသပ်တီထွင်ခြင်းတို့ ပြုလုပ်ကြခြင်းဖြစ်သည်။ ထိုသို့တီထွင်ရာတွင် သွက်လက်ဖြတ်လတ်မှု၊ ဉာဏ်ရည်မြင့်မားမှု၊ အရာရာကိုစူးစမ်းလိုမှု၊ စွန့်စားလိုမှုတို့လည်း လိုအပ်သည်။

**❖ လူ့စွမ်းရည်များသည် များသောအားဖြင့်လူငယ်များတွင်သာ ပိုင်ဆိုင်ထားလေ့ရှိသည်။ လူငယ်များသည် ပိုင်ဆိုင်ထားသောစွမ်းရည်များကိုအသုံးချ၍ နည်းပညာများအပေါ် အာရုံစိုက်၍ လေ့လာကြရမည်ဖြစ်သည်။ ခေတ်မီတိုးတက်နေသော အချိန်ကာလတွင် ခေတ်နောက်ကျကျန်ရစ်သော လူငယ်များဖြစ်လျှင် ကမ္ဘာကြီးနှင့် အလှမ်းကွာဝေးပေလိမ့်မည်။ လူငယ်တိုင်းသည် ယခုမျက်မှောက်ခေတ်တွင် ပညာတတ်ရန်လိုအပ်သည်။ ပညာတတ်မြောက်မှသာ နည်းပညာ၏နောက်သို့ လိုက်ပါစီးမျော၍ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ❖**

လူ့စွမ်းရည်များသည် များသောအားဖြင့်လူငယ်များတွင်သာ ပိုင်ဆိုင်ထားလေ့ရှိသည်။ လူငယ်များသည် ပိုင်ဆိုင်ထားသောစွမ်းရည်များကို အသုံးချ၍ နည်းပညာများအပေါ် အာရုံစိုက်၍လေ့လာကြရမည်ဖြစ်သည်။ ခေတ်မီတိုးတက်နေသော အချိန်ကာလတွင် ခေတ်နောက်ကျကျန်ရစ်သော လူငယ်များဖြစ်လျှင် ကမ္ဘာကြီးနှင့် အလှမ်းကွာဝေးပေလိမ့်မည်။ လူငယ်တိုင်းသည် ယခုမျက်မှောက်ခေတ်တွင် ပညာတတ်ရန်လိုအပ်သည်။ ပညာတတ်မြောက်မှသာ နည်းပညာ၏နောက်သို့ လိုက်ပါစီးမျော၍ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် အီလက်ထရွန်နစ်နည်းပညာများကို ကျယ်ပြန့်စွာ အသုံးချနေပြီဖြစ်သည်။ စာတွေ့သာမက လက်တွေ့ကျသော သင်ခန်းစာများပါ ပို့ချသင်ကြားပေးလျက်ရှိသည်။

စာမေးပွဲအောင်မြင်ခြင်း၊ ဘွဲ့တစ်ခုရခြင်းတို့ဖြင့် ရောင့်ရဲတင်းတိမ်ရန်မသင့်ပေ။ ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးတို့ကို ကျွမ်းကျင်စွာတတ်မြောက်ရန် လေ့လာထားသင့်သည်။ လူငယ်တို့မသိသည့် မည်သည့်ကိစ္စမဆိုနည်းပညာဖြင့် ချိတ်ဆက်ဆောင်ရွက်ပြီး မှန်ကန်မြန်ဆန်ရွေ့လျားနေကြပြီဖြစ်သည်။ အသစ်အသစ်သော နည်းပညာများကို လက်တွဲမဖြုတ်ဘဲ အစဉ်အမြဲလေ့လာကြရသည်မှာ လူငယ်များ၏ တာဝန်ဖြစ်သည်။

ခေတ်မီနည်းပညာသင်ယူမှု၊ အခွင့်အလမ်းများသည် များစွာပွင့်လန်းနေပြီဖြစ်သည်။ အွန်လိုင်းသင်တန်းများတွင်လည်း ဖွင့်လှစ်သင့်ကြားနေကြပြီဖြစ်သည်။ သွားလာမှုအတွက် အချိန်ကုန်သက်သာပြီး လူလည်းမပင်ပန်းဘဲ ကမ္ဘာကြီးသို့လေ့လာခွင့်ရရှိနေကြပြီဖြစ်သည်။ ဤသို့ အခွင့်အရေးကို အသုံးချကာ အသစ်အသစ်သော နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာကြရပေသည်။ လူငယ်ဟူသည်ကား ခေတ်ကိုဦးဆောင်သူများပင်ဖြစ်သည်။ ခေတ်ကို ဦးဆောင်သူများသည် နည်းပညာမကျွမ်းကျင်ပါက ခေတ်နောက်ကျခြင်းကို ခံစားရမည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် ခေတ်မီနည်းပညာများကို ကျွမ်းကျင်သော လူငယ်များစွာ လိုအပ်သည်။

ပညာနှင့် နည်းလမ်းများကိုပေါင်းစပ်ပြီး နည်းပညာတီထွင်ကြံဆမှုများဖြင့် ကမ္ဘာကြီးကို အလင်းတံခါး ဖွင့်လှစ်နိုင်ချိန် ယနေ့မြန်မာလူငယ်များ နောက်ကျကျန်ရစ်၍ မဖြစ်ပေ။ နည်းပညာများအစဉ်တစိုက် လေ့လာသင့်သည်။ ယနေ့နည်းပညာခေတ်သည် လျင်မြန်စွာတိုးတတ်ပြောင်းလဲနေပြီဖြစ်သည်။ မည်သည့်အရာမဆို သင့်လျော်သည့်အနေအထားဝန်ဆောင်မှုကောင်းမွန်စွာ အဆင့်သင့်ရရှိနေပြီဖြစ်သည်။

လူငယ်များသည် ဖြတ်ထိုးဉာဏ် ကောင်းမွန်သည်။ စူးစမ်းလိုစိတ်ပြင်းပြသည်။ လက်တွေ့အကောင်ထည်ဖော်လိုသော ဆန္ဒများရှိသည်။ ထို့ကြောင့်ပင် တီထွင်ကြံဆမှုကို စိတ်ဝင်စားကြသည်။ သို့သော် နည်းပညာအချို့ကို အသုံးပြုခြင်းသည် တီထွင်ကြံဆမှုကိုလွဲမှားစေသည်။ ဥပမာ ဖိုတိုရှော့ ဆော့ဝဲများကို တလွဲအသုံးပြုခြင်း၊ ဂိမ်းကစားခြင်းဖြင့် အချိန်ကုန်လွန်စေခြင်း၊ အင်တာနက်ဂိမ်းကစားခြင်းဖြင့် အချိန်ကုန်ဆုံးနေခြင်းက စွမ်းရည်များ အားနည်းစေသည်။

လူငယ်တိုင်း အင်တာနက်အသုံးပြုခြင်းသည် ခေတ်မီသည်မဟုတ်၊ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာများ သုံးစွဲတတ်ရုံမျှဖြင့် နည်းပညာကျွမ်းကျင်ခြင်း၊ ခေတ်မီခြင်းဟုမဆိုလိုပါ။ အမြဲတိုးတက်ပြောင်းလဲနေသော နည်းပညာများကိုလေ့လာသင်ယူတတ်မြောက်ခြင်း၊ အကျိုးရှိစွာ ကိုယ်တိုင်ဆန်းသစ်တီထွင်ရန် ကြိုးစားခြင်းကသာလျှင် ခေတ်မီခြင်းအစစ်အမှန်ကို ရရှိမည်ဖြစ်သည်။ လူငယ်များတီထွင်ခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်းသည်ကား ခေတ်မီနည်းပညာများ တိုးတက်စေကာ၊ ကမ္ဘာကြီးကို နေချင်စဖွယ် ကောင်းမွန်စွာနေထိုင်နိုင်ရန် တီထွင်ကြံဆနေကြရမည်ဖြစ်ပါသည်။

---

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မဂျိုးကို ဘယ်လိုပြောရပ့်ါ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၁၀ ရက်တွင် MRTV-4 ရုပ်သံလိုင်းက ထုတ်လွှင့်ပြသမည်ဖြစ်




ရန်ကုန် ဩဂုတ် ၇

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မဂျိုးကို ဘယ်လိုပြောရပ့်ါ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၁၀ ရက်တွင် MRTV-4 ရုပ်သံလိုင်းက ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)ထံမှ သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမ ခင်လှိုင်ကြူ၏ အောင်မြင်ထင်ရှားသည့် မဂျိုးကို ဘယ်လိုပြောရပ့်ါ ဝတ္ထုကို ရွှေပြည့်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း(အနုပညာပြချက်)က ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးသည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ပထမဆုံး ဇာတ်လမ်းတွဲလေးပါ။ ဇာတ်လမ်းတွဲအမည်ကလဲ စာရေးဆရာမ ခင်လှိုင်ကြူရဲ့ မဂျိုးကို ဘယ်လိုပြောရပ့်ါဆိုတဲ့အတိုင်းပါပဲ။ ဒီဝတ္ထုလေးကို ကျွန်တော်လူပျိုဘဝထဲက ကြိုက်ပါတယ်။ ကျွန်တော် ဒါရိုက်တာဖြစ်ရင် ရိုက်မယ်လို့ စိတ်ကူးခဲ့ဖူးတယ်။ ရှေ့မှာလဲ ရုပ်ရှင်တွေ ရိုက်ထားဖူးတာမို့ ရုပ်ရှင်တစ်ကားအနေနဲ့ ဖန်တီးမယ်ဆိုရင် ကျွန်တော့်အတွက် စိန်ခေါ်မှုမရှိတာမို့ ဇာတ်လမ်းတွဲအနေနဲ့ ရိုက်ကူးခဲ့တာပါ"ဟု ဒါရိုက်တာ ဝင်းထွန်းထွန်း(အနုပညာပြချက်)က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထူးအောင်၊ ညီထွဋ်ခေါင်၊ ဇင်မျိုး၊ ရဲမွန်၊ ဦးဝင်းမြိုင်၊ သဇင်နွယ်ဝင်း၊ မှူးထိပ်ထား၊ သင်ဇာဝင်းပြည့်၊ ဝင်းမင်းသန်း၊ နမ်းခမ်းဝါ၊ ရေကြည်ချမ်းမြနှင့် အခြားအနုပညာရှင်များ ပါဝင်ထားပြီး MRTV-4 ရုပ်သံလိုင်းက ဩဂုတ် ၁၀ ရက်မှ စတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၇ နာရီတွင် ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

ASH

# Supermax ဇာတ်ကား၌ မင်းသား ဂျက်ဖာဂျက်ဆင် ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၇

Amazon MGM စတူဒီယို၏ Supermax အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသား ဂျက်ဖာဂျက်ဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

Supermax ဇာတ်ကားတွင် ဂျက်ဖာဂျက်ဆင်သည် မင်းသား ဝီစမစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ထူးဆန်းသည့် လူသတ်မှုတစ်မှုကိုဖော်ထုတ်ရန် လုံခြုံရေးအလွန်တင်းကျပ်သောအကျဉ်းထောင်တစ်ခုအတွင်း ရဲစုံထောက်နှစ်ဦး ဝင်ရောက်ထောက်လှမ်းခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Supermax ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒန်ဂရင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ဝေးနှင့် ဒေးဗစ်ဂျေရိုဆန်တို့က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# စင်ဒရဲလားရှာပုံတော် ရုပ်သံဇာတ်လမ်းကို ဩဂုတ် ၉ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




ရန်ကုန် ဩဂုတ် ၇

SKYPREMIER HD ရုပ်သံလိုင်းမှ စင်ဒရဲလားရှာပုံတော် ရုပ်သံဇာတ်လမ်းကို ဩဂုတ် ၉ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါစင်ဒရဲလားရှာပုံတော်ဇာတ်လမ်းတွင် ပါဝင်ထားသူ သရုပ်ဆောင်မင်းတော်ဝင်ထံမှ သိရသည်။

အဆိုပါ စင်ဒရဲလားရှာပုံတော် ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မင်းတော်ဝင်က ရေးသားထားပြီး ဒါရိုက်တာ အောင်ပိုင်က တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီစင်ဒရဲလား ရှာပုံတော် ဇာတ်လမ်းမှာတော့ စင်ဒရဲလားရဲ့ ကံကြမ္မာလှည့်ကွက်တွေက ရင်သပ်ရှုမောဖြစ်စေမှာပါ။ ဒီဇာတ်လမ်းထဲက စင်ဒရဲလားက ပုံပြင်ထဲကလိုပဲ ပျော်ရွှင်စရာ ဇာတ်သိမ်းနဲ့ ပြီးဆုံးမလား၊ လက်တွေ့ဘဝရဲ့ စိန်ခေါ်မှုတွေ ရှိနေမလားဆိုတာကတော့ SKY-PREMIER HD ရုပ်သံလိုင်းမှာ စောင့်မျှော်ကြည့်ရှု အားပေးကြပါလို့ ပြောချင်ပါတယ်" ဟု သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

အဆိုပါ စင်ဒရဲလားရှာပုံတော် ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် မင်းတော်ဝင်၊ ဝေဖြိုး၊ ထက်အဥ္ဇလီ၊ ပန်းသော်တာ၊ မီကိုခန့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Netflix ကုမ္ပဏီနှင့် မင်းသား အလန်ရစ်ဆန်တို့ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်အတွက် ပူးပေါင်းမည်

နယူးယောက် ဩဂုတ် ၇

Netflix ကုမ္ပဏီနှင့် မင်းသား အလန်ရစ်ဆန်တို့သည် Moto GP ဆိုင်ကယ်စီးပြိုင်ပွဲကို နောက်ခံထားရိုက်ကူးမည့် လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်အတွက် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

ယခုနှစ်အတွင်း War Machine အမည်ရှိ အက်ရှင်ဇာတ်ကား အောင်မြင်မှု ရရှိခဲ့ပြီးနောက် အထက်ပါဇာတ်ကားသစ်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် Netflix ကုမ္ပဏီနှင့် မင်းသား အလန်ရစ်ဆန်တို့က သဘောတူထားကြောင်း သိရသည်။

လက်ရှိတွင် အထက်ပါလျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၏ တရားဝင် ဇာတ်ကားနာမည်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား အလန်ရစ်ဆန်က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်မည်ဖြစ်သကဲ့သို့ ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်မော်ဂန်က တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Netflix ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# တေးသံရှင် စိုးပိုင်၊ ချိုပြုံး၊ နွဲ့ယဉ်ဝင်းတို့၏ ရွှေရောင်ဂန္ထဝင်တေးည တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ် Transporter Bar ၌ ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၇

တေးသံရှင် စိုးပိုင်၊ ချိုပြုံး၊ နွဲ့ယဉ်ဝင်းတို့၏ ရွှေရောင်ဂန္ထဝင်တေးည တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ချိုပြုံးထံမှ သိရသည်။

တေးသံရှင် စိုးပိုင်၊ ချိုပြုံး၊ နွဲ့ယဉ်ဝင်းတို့၏ ရွှေရောင်ဂန္ထဝင်တေးည တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Transporter Bar ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ပြီး Transporter Bar ၏ ပင်တိုင်တေးသံရှင်များကလည်း အားဖြည့်သီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"Transporter Bar မှာ မေချို့တို့နဲ့အတူ မမေ့နိုင်တဲ့အမှတ်တရညဖြစ်စေမဲ့ ရွှေရောင်ဂန္ထဝင်တေးည တေးဂီတဖျော်ဖြေပွဲကို လာခဲ့ကြဖို့၊ မေချိုတို့ကို အမြဲတမ်းမှတ်မိစေမဲ့ သီချင်းကောင်းလေးတွေကို အတူတူဆိုကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ချိုပြုံးက ပြောပြသည်။

တေးသံရှင် စိုးပိုင်၊ ချိုပြုံး၊ နွဲ့ယဉ်ဝင်းတို့၏ ရွှေရောင်ဂန္ထဝင်တေးည တေးဂီတဖျော်ဖြေပွဲကို Transporter Bar တွင် ဩဂုတ် ၉ ရက် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing and the high-level Myanmar delegation visit Temple of the Emerald Buddha



President U Min Aung Hlaing pays homage to the Emerald Buddha.

**Nay Pyi Taw August 7**

President of the Republic of the Union of Myanmar U Min Aung Hlaing and the high-level Myanmar delegation, who were in Thailand at the invitation of Prime Minister of Thailand Mr. Anutin Charnvirakul, paid homage to the Emerald Buddha in the Temple of the Emerald Buddha, located on the grounds of the Grand Palace, in Bangkok, this morning.


On arrival at the Grand Palace, the President and party were warmly welcomed by high-level Royal Representatives.

The President and party looked around the Grand Palace, listening to the reports on the highlights of the Grand Palace and the Temple of the Emerald Buddha, presented by officials.

The President offered flowers and paid homage to the Emerald Buddha. He then presented a marble scale model of the Maravijaya Buddha Image and cash donations for general purposes to the Emerald Buddha through the officials, who in return presented religious gifts.

The President and his party walked clockwise around the temple, listening to the history of the Emerald Buddha and other religious buildings, and asking questions to learn more.

Accompanied by the members of his entourage, the President laid a wreath at the Dusit Maha Prasat Throne Hall in memory of Her Majesty Queen Sirikit, the Queen Mother of Thailand, on the grounds of the Grand Palace, and donated a marble scale model of Maravijaya Buddha Image; and laid a wreath at the Piman Rattaya Throne Hall in memory of Princess Bajrakitiyabha, daughter of Royal Thai King, and donated a marble scale model of Maravijaya Buddha Image. The President also signed the Book of Condolences. MNA



President U Min Aung Hlaing signs the Book of Condolences.

# High-level Myanmar delegation led by President U Min Aung Hlaing arrives back from Thailand to Myanmar

**Nay Pyi Taw August 7**

After paying an official visit to Thailand at the invitation of Prime Minister of Thailand Mr. Anutin Charnvirakul, a high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing left Don Mueang International Airport in Bangkok for Myanmar this afternoon.

The President and delegation were warmly seen off at the airport by senior officials and officials of Thailand led by Prime Minister of Thailand Mr. Anutin Charnvirakul, Myanmar Ambassador to Thailand U Zaw Zaw Soe and his wife, Myanmar military attaché (Army, Navy, Air) Brig-Gen Win Thu Lin and officials.

During the farewell ceremony, the Guard of Honour of Royal Thai Army saluted the President from both sides of the red carpet.

Members of the entourage of the President union ministers U Khin Maung Yi, U Tin Maung Swe, U Ko Ko Lwin, U Khin Maung Soe and U Tun Ohn, Chief Minister of Kayin State U Saw Myint Oo, Tanintharyi Region Chief Minister U Zaw Naing Oo, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers and officials also came back with the President.

During the state visit, the President met with the prime minister of Thailand and the acting president of the National Assembly of Thailand and attended the Myanmar-Thai economic forum, discussing promotion of multi-sectoral cooperation including economic and trade sectors and combat against transnational crimes between the two peoples, parliaments and private sectors and enabling Myanmar citizens who arrived in Thailand for various reasons and workers to fully enjoy their rights and legal protection and further strengthening the existing friendship and relations between the two counties. Moreover, the state visit of the President to Thailand is a visit that has opened a new chapter in bilateral cooperation and a meaningful visit for Myanmar citizens, especially for those who have arrived in Thailand and MoUs and agreements that will benefit the two countries and the peoples were signed during the visit.

The high-level Myanmar delegation led by President U Min Aung Hlaing arrived back at Nay Pyi Taw airport this evening and was welcomed back at the airport by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the chairman of Nay Pyi Taw Council, the commander of Nay Pyi Taw Command and officials of Royal Thai Embassy in Myanmar.

MNA




President U Min Aung Hlaing being welcomed back from Thailand.

# President U Min Aung Hlaing holds meeting with Acting President of the National Assembly of Thailand



**President U Min Aung Hlaing holds talks with Acting President of the National Assembly of Thailand Mr. Mongkol Surasajja.**

**Nay Pyi Taw August 7**

President of the Republic of the Union of Myanmar U Min Aung Hlaing on his official visit to the Kingdom of Thailand at the invitation of Thai Prime Minister Mr. Anutin Charnvirakul held talks with Acting President of the National Assembly of Thailand Mr. Mongkol Surasajja at the National Assembly of Thailand this morning.

On his arrival at the National Assembly of Thailand, President U Min Aung Hlaing along with his entourage was warmly welcomed by the Acting President of the National Assembly of Thailand, officials and staff. The President, the Acting President of the National Assembly of Thailand and officials posed for documentary photos.

The President signed the Guestbook of the National Assembly of Thailand.

The talk was also also attended by members of the high-level Myanmar delegation who accompanied by the President, the Myanmar Ambassador to Thailand and officials. The Acting President of the National Assembly of Thailand was accompanied by senior officers from the Assembly.

At the talk, the Acting President of the National Assembly of Thailand stated that the National Assembly of Thailand warmly welcomed the high-level delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing. It is a matter of great pride and pleasure that the President and the Prime Minister of Thailand were able to successfully hold discussions and achieve many positive outcomes, including the signing of Memoranda of Understanding between the two countries.

He expressed his belief that the two countries will be able to work together closely to promote stability, peace, and the socio-economic development of the peoples. They will also foster good cooperation between the two parliaments and exchange experiences in legislative affairs. He was greatly pleased with the existing friendship and good relations between the two countries. The two parliaments will continue to enhance cooperation and relations. He wishes the President a successful visit to Thailand and extends his best wishes for continued efforts to further promote cooperation for the benefit of both countries and their peoples.

The President expressed his pleasure at having the opportunity to meet with the Acting President of the National Assembly of Thailand during his official visit to Thailand. He stated that the visit would not only further promote relations and friendship between the two countries but also contribute to enhancing cooperation between the two governments and the two parliaments. The President said that Myanmar has been on the path towards a multiparty democratic system for only about 15 years and that the Hluttaw is still relatively inexperienced. Therefore, Myanmar wishes to further enhance cooperation between the two parliaments with the Thai parliament, which has extensive experience in parliamentary affairs. Such cooperation would greatly contribute to strengthening Myanmar's democratic process. The President also noted that both countries are member states of ASEAN and are also members of the ASEAN Inter-Parliamentary Assembly (AIPA).

So, cooperation can be carried out not only between the two parliaments but also between the Myanmar Hluttaw and the ASEAN Inter-Parliamentary Assembly (AIPA). As His Excellency is aware, a Hluttaw elected through a fair election in accordance with democratic principles and a new government elected by the Hluttaw has now been established in Myanmar. Under the Mixed Member Proportional (MMP) system, which combines the First-Past-the-Post (FPTP) system and the Proportional Representation (PR) system, ethnic parties, smaller parties, and independent candidates have gained greater opportunities for representation in the Hluttaw. The Myanmar-Thailand Parliamentary Friendship Association was established in July this year, and this will enable the two parliaments to further enhance friendship and cooperation. Around 53 per cent of Myanmar's population is women. The participation of women in the Hluttaw has also increased, with women accounting for about 13 per cent of members in various Hluttaws, and women are also serving at the Union level.

Myanmar and Thailand are not only geographically neighbouring countries but also countries with close historical, religious, cultural, and traditional ties. During this visit, the President said he was able to successfully hold discussions with His Excellency's Prime Minister, and they achieved positive outcomes from the talks aimed at further promoting and enhancing trade between the two countries. Myanmar will also work together with Thailand to address environmental issues such as transboundary haze pollution and river pollution. Regarding the issue of transboundary haze pollution, Myanmar will continue to cooperate in accordance with the framework agreed upon among the three countries of Myanmar, Laos, and Thailand. The President **requested Thailand's continued assistance in ensuring that Myanmar citizens and Myanmar workers residing in Thailand for various reasons can fully enjoy their rights and receive protection in accordance with the law.**

Regarding the economic sector between the two countries, if they review their respective needs and utilize their strengths to further enhance investment and cooperation, they will be able to make greater progress in promoting the socio-economic development of both countries and their peoples. The President expressed his belief that the issues discussed today will greatly contribute to cooperation between the two parliaments. They will continue to work towards further strengthening and expanding the existing friendship and cooperation between the two countries in the future.

The President and the Acting President of the National Assembly of Thailand had documentary photos taken along with the attendees.

After visiting the assembly, the President visited the National Assembly and left there. The President was warmly seen off by the Acting President of the National Assembly of Thailand. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President U Min Aung Hlaing meets Myanmar Embassy and Defence Attaché staff, families, and scholars in Bangkok




**President U Min Aung Hlaing meets Myanmar Embassy and Military Attaché staff, families, and scholars in Bangkok.**

**Nay Pyi Taw August 7**

At the invitation of Prime Minister of Thailand Mr Anutin Charnvirakul, President of the Republic of the Union of Myanmar U Min Aung Hlaing, who is currently visiting Thailand, met with staff and family members from the Myanmar Embassy and the Military Attaché's Office, as well as state-sponsored trainees, at the Myanmar Embassy in Bangkok this afternoon and delivered remarks.

First, the President and his delegation were warmly welcomed by the staff, family members, and trainees from the Myanmar Embassy and Military Attaché's Office.

Following this, the Ambassador presented a briefing regarding the President's trip to Thailand and the operational duties of the embassy.

In his remarks, the President stated that this was his first official visit to Thailand since assuming office as President. He explained that he visited to meet with staff, family members from the embassy and Military Attaché's Office, and state-sponsored trainees to provide necessary guidance. He emphasized that Myanmar and Thailand are inseparable neighbours and good friends. Looking back at history, strong ties of friendship and warm relations have consistently existed between the two countries, their peoples, and their armed forces. He noted that Myanmar entered the path of a multi-party democratic system in 2011, and efforts must be maintained to ensure this system is firmly established. Lessons must also be drawn from the experiences of mature democratic nations, including Thailand. The President stated that the unacceptable electoral fraud during the 2020 multi-party democratic general election left a stain on the history of the country's democratic journey. Rather than resolving the political issue through political means, the choice of terrorism led the country to face armed violence, resulting in ongoing difficulties and crises that are still being navigated today. He added that the government, together with loyal civil servants and responsible citizens, is striving to preserve and maintain the country in the best possible manner. Currently, through a fair election, a parliament democratically elected and a new government chosen by that parliament have emerged.

He further mentioned that political disagreements in 2020 and the resulting armed violence led some citizens to migrate and work in neighbouring countries, including Thailand. To this day, a significant number of Myanmar citizens and migrant workers remain in Thailand for various reasons. Therefore, personnel at the Myanmar Embassy and Military Attaché's Office in Thailand must protect and assist Myanmar nationals residing there to the best of their ability and work to ensure they receive accurate information about the true situation in Myanmar. **Regarding the citizens and migrant workers who are in Thailand for various reasons, he stressed that because they are Myanmar nationals, discussions were held during meetings with the Thai Prime Minister and the Acting Speaker of the National Assembly of Thailand to ensure their safety, full labour rights, and protection in accordance with the laws of both countries**.

Concerning the state-sponsored trainees, he noted that many military and civilian trainees from Myanmar are currently studying in Thailand. They should study diligently to gain genuine expertise and practical knowledge from their advanced educational experiences. Regarding language skills, mastering the local language during their tenure will support both their official duties and personal advancement, while serving as a valuable asset for bilateral cooperation and mutual benefits.

Addressing their operational duties, the President highlighted that diplomatic relations play a crucial role in international affairs. Therefore, staff at the embassy and Military Attaché's Office must act as dutiful civil servants to advance the nation's political, economic, and national interests, and work to uphold the country's dignity. Furthermore, since they are serving the nation together abroad, they must support one another and collaborate to fulfill their duties successfully.

The President then presented gifts and monetary awards to the staff, family members, and military and civilian trainees studying in Thailand. The items were accepted by the Myanmar Ambassador to Thailand, the Myanmar Military Attaché (Army, Navy and Air), and representative trainees.

Afterward, the President warmly greeted the embassy and military attaché families, fulfilled their immediate needs, and signed the embassy guest book.

The President then warmly greeted and encouraged Myanmar citizens who had come to the embassy for documentation services. He stated that as they are working abroad for various reasons, they should not hesitate to seek assistance from the embassy or Military Attaché's Office at any time if they encounter difficulties. He advised them to live and work systematically in compliance with established laws and regulations, emphasizing that Myanmar will protect the rights of its citizens in accordance with the law so they do not suffer losses, alongside other necessary instructions.

Finally, the President inspected the operations of the embassy staff. He instructed them to protect Myanmar citizens and workers in Thailand in accordance with the law, and urged them to serve citizens applying for embassy documentation with goodwill, empathy, and patience, alongside providing other necessary directives. MNA



**President U Min Aung Hlaing presents gifts and cash awards to Myanmar Embassy and Military Attaché staff, families, and scholars in Thailand.**

# Türkiye detains 104 IS suspects in nationwide operations

**Istanbul August 7**

Turkish gendarmerie forces detained 104 suspected Islamic State (IS) members and supporters in coordinated nationwide operations on Friday, the Interior Ministry said.

The operations were conducted simultaneously across 30 provinces by provincial gendarmerie commands, in coordination with the Gendarmerie General Command's Counter-Terrorism Department and local prosecutors, the ministry said in a statement posted on social media.

According to the statement, the suspects are accused of providing financial support to the IS through affiliated individuals and purported aid organizations, spreading the group's propaganda on social media, and being members of the group.

Xinhua

# Message from His Excellency Agga Maha Thray Sithu Agga Maha Thiri Thudhamma U Min Aung Hlaing, President of the Republic of the Union of Myanmar, on the Occasion of the 59th Anniversary of the Association of Southeast Asian Nations

# 8 August 2026

**Esteemed Citizens of Myanmar and the Peoples of ASEAN,**

Today marks the 59th Anniversary of the Association of Southeast Asian Nations (ASEAN). On this auspicious occasion, I extend my heartfelt wishes for the good health, prosperity, peace, and well-being of the people of Myanmar and all the peoples of the ASEAN region.

Established on 8 August 1967 with the vision of building "a united Southeast Asian region,"ASEAN has,over the past five decades, successfully evolved into a rules-based and people-centred regional organization founded upon shared interests, regional stability, and mutual respect and trust. The Treaty of Amity and Cooperation in Southeast Asia (TAC), signed in 1976, and the ASEAN Charter, adopted in 2008, have reinforced the principles of mutual respect for sovereignty, non-interference in internal affairs, the peaceful settlement of disputes, and rules-based cooperation, thereby providing a solid foundation for ASEAN's unity and continued development.

ASEAN has now entered a period of transition from the ASEAN Community Vision 2025 to the ASEAN Community Vision 2045. The year 2026 marks a historic milestone, signifying the commencement of the implementation of the Vision 2045 and its Strategic Plans.It is also a year in which important foundations are being laid for ASEAN's long-term

growth and development.At present,as the ASEAN Chair for the year 2026, the Republic of the Philippines is leading ASEAN under the theme"Navigating Our Future, Together." This theme reflects ASEAN's commitment to promoting regional unity, resilience, and sustainable development.

Today, ASEAN has grown into a regional grouping with a population of more than 680 million people. Guided by the ASEAN Outlook on the Indo-Pacific (AOIP), ASEAN has continued to promote regional peace, stability, and cooperation. Moreover, through ASEAN-led mechanisms such as the ASEAN Regional Forum (ARF), the East Asia Summit (EAS), and the ASEAN Defence Ministers' Meeting-Plus (ADMM-Plus), ASEAN has provided for dialogue and consultation on regional and international security issues. In the economic sphere, ASEAN continues to stand as the world's fifth-largest economic bloc and is actively promoting digital and green economic transformations. Furthermore,through cooperation in education, healthcare, youth and women's empowerment, disaster management, and humanitarian assistance, ASEAN has continued to support efforts to improve the quality of life and well-being of its peoples.

Nevertheless, ASEAN continues to face a range of challenges, including strategic competition among major powers, geopolitical tensions, transnational crimes, online scams, energy and food security concerns, and the impacts of climate change. As ASEAN Member States face differing social, economic, and political challenges, their respective interests and policy priorities also vary. In this regard, any tendency to focus solely on addressing domestic issues within individual Member States could have significant implications for ASEAN's centrality. Therefore, ASEAN must continue to uphold ASEAN Centrality by fostering unity, mutual respect, and understanding among its Member States while further strengthening an inclusive and rules-based regional architecture.

Myanmar joined ASEAN in 1997 and has now reached its 29th year of membership. Throughout this period, Myanmar has actively contributed to ASEAN through responsible, active, and constructive engagement. It has participated actively in ASEAN Community-building efforts, regional cooperation initiatives, and various ASEAN mechanisms. In addition, Myanmar continues to work closely with fellow ASEAN Member States in advancing the implementation of the ASEAN Community Vision 2045.

Myanmar successfully held a free and fair multi-party democratic general election between December 2025 and January 2026, in accordance with the will of the people. The newly elected Government will continue to advance peace, stability, and national development through a Myanmar-owned and Myanmar-led process. At the same time, as an ASEAN Member State,Myanmar will continue to uphold and adhere to the fundamental principles of ASEAN and work closely together with its fellow ASEAN Member States in promoting regional peace, stability and prosperity.

Over the past 59 years, the achievements of ASEAN have been the result of the consistent adherence to ASEAN Centrality and the principles enshrined in the ASEAN Charter, underpinned by mutual respect, trust, responsibility, and the spirit of the "ASEAN Family" among its Member States. While preserving these strong foundations, ASEAN should continue to build a more resilient, innovative, sustainable, people-centred community in accordance with the ASEAN Community Vision 2045 and the principle of "Leaving No one Behind." At the same time, I wish to urge all ASEAN Member States to continue working together to uphold and promote ASEAN's unity, centrality and core values, with a view to further enhancing the quality of life of the peoples in the region.

On this auspicious occasion of the 59th Anniversary of ASEAN, I sincerely hope that all the peoples of ASEAN will continue to uphold the spirit of unity and the ASEAN Family, and work together even more actively in promoting peace, stability, and prosperity across the region. I also wish that the ASEAN region will continue to remain peaceful and stable, achieve sustainable development, and grow into an even stronger and more resilient community. May all members of the ASEAN family enjoy good health, happiness, prosperity, and an abundance of auspiciousness.

**Agga Maha Thray Sithu**
**Agga Maha Thiri Thudhamma**
**U Min Aung Hlaing**
**President of the Republic of the Union of Myanmar**

# 156 arrested, devices seized in cyber scams and online gambling raid in Kengtung Township



**140 Chinese Men and 4 Chinese Women Arrested Near Naung Lay Village, Kat Pha Village-tract, Kengtung Township for Online Gambling Fraud**

**Nay Pyi Taw August 7**

The Government is prioritizing the eradication of cyber scams and online gambling as a national duty, targeting activities that harm global society and public interests. In cooperation with domestic forces and neighboring governments, intense crackdown operations are underway to permanently dismantle these criminal networks.

As part of these efforts, joint security teams conducted search and inspection operations to prevent those engaged in online fraud and gambling from operating or residing in relevant areas. Acting on tips from responsible citizens, authorities raided a compound featuring six buildings near the Naung Lay Fish Pond Restaurant in Naung Lay Village, Kat Pha Village-tract, Kengtung Township, Eastern Shan State, this morning at around 7:00 AM.

During the operation, authorities apprehended 156 suspects involved in illegal online fraud operations. The detainees include 140 Chinese men, 4 Chinese women, 1 Laotian woman, 8 Myanmar men and 3 Myanmar women (totaling 148 men and 8 women). Security forces also seized a vast array of operational equipment including: 658 mobile phones, 134 All-in-One computers, 28 laptops, 3 Wi-Fi routers, 13 Starlink Gen-3 devices, 15 CPU units, 5 UPS units, 1 generator (120 KV), 1 generator (155 KV), 1 refrigerator and 1 freezer.

The suspects will face severe legal action under existing laws following necessary investigations, while the confiscated equipment will be processed in accordance with official procedures.


The State remains committed to actively collaborating with neighboring countries, regional nations and international organizations to eliminate online gambling fraud and ensure that such illegal operations cannot establish a foothold within Myanmar. 100

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၇

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာမုံခွန်းဆူရာဆာဂျာနှင့် ယနေ့ နံနက်ပိုင်းတွင် ထိုင်းအမျိုးသားလွှတ်တော်တွင် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ထိုင်းအမျိုးသားလွှတ်တော်သို့ရောက်ရှိလာရာ ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတ၊ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်းဆူရာဆာဂျာတို့ တွေ့ဆုံဆွေးနွေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်းဆူရာဆာဂျာနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထိုင်းအမျိုးသားလွှတ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့်အတူ လွှတ်တော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်အရာရှိကြီးများကို ထိုင်းအမျိုးသားလွှတ်တော်မှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် မိမိတို့ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့အနေဖြင့် တွေ့ဆုံဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ကောင်းမွန်သည့် အကျိုးရလဒ်များစွာနှင့် နားလည်မှုစာချွန်လွှာများကို အပြန်အလှန်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွလက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား၌လည်း ကောင်းမွန်သည့်ပူးပေါင်းဆောင်ရွက်မှုများကိုဖော်ဆောင်သွားမည်ဖြစ်ပြီး ဥပဒေပြုရေးဆိုင်ရာများတွင် အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်သွားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံရေးကောင်း ရရှိနေမှုများအတွက်လည်း မိမိအနေဖြင့် များစွာဝမ်းမြောက်မိပါကြောင်းနှင့် လွှတ်တော်နှစ်ရပ်အကြား၌လည်း ပူးပေါင်းဆောင်ရွက်မှုများနှင့်ဆက်ဆံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ မိမိတို့ထိုင်းနိုင်ငံသို့လာရောက်သည့် ခရီးစဉ်အောင်မြင်ပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏အကျိုးအတွက် ယခုထက်ပိုမို ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ မိမိ၏ထိုင်းနိုင်ငံခရီးစဉ်အတွင်း ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံရသည့်အတွက်ဝမ်းမြောက်ကြောင်းနှင့် ယခုခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုမြှင့်တင်ဖော်ဆောင်ရုံသာမက အစိုးရအချင်းချင်းအကြား၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြပါကြောင်း၊ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည်မှာ ၁၅ နှစ်တာကာလမျှသာရှိသေးပြီး လွှတ်တော်အနေဖြင့်လည်း အတွေ့အကြုံနုနယ်သေးသည်ဖြစ်သဖြင့် လွှတ်တော်ဆိုင်ရာအတွေ့အကြုံကောင်းများစွာရှိသည့် ထိုင်းနိုင်ငံလွှတ်တော်နှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာစေရေးအတွက် အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ကြပြီး အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံ (AIPA)အဖွဲ့ဝင်များလည်းဖြစ်ကြပါကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံလွှတ်တော်ချင်းသာမက အာဆီယံပါလီမန်များဆိုင်ရာညီလာခံ(AIPA)တွင်လည်း မြန်မာလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ကြောင်း၊ အဆွေတော်သိပြီးဖြစ်သည့်အတိုင်း မိမိတို့နိုင်ငံတွင် တရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်တို့ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ မဲအများဆုံးရသူအနိုင်ရသည့်စနစ် (FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ပေါင်းစပ်ကျင့်သုံးသည့် ရောနှောထားသောကိုယ်စားလှယ် အချိုးကျစနစ်(MMP)ကြောင့် တိုင်းရင်းသားပါတီများ၊ ပါတီငယ်များနှင့် တစ်သီးပုဂ္ဂလများ လွှတ်တော်တွင်းကိုယ်စားပြုခွင့် ပိုမိုရရှိလာပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မြန်မာ-ထိုင်း-လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းကိုဖွဲ့စည်းနိုင်ခဲ့ပြီး လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်ကြကြောင်း၊ လွှတ်တော်တွင်လည်း အမျိုးသမီးများပါဝင်မှုကဏ္ဍတိုးမြှင့်လာကာ လွှတ်တော်အသီးသီး၌ အမျိုးသမီး ၁၃ ရာခိုင်နှုန်းခန့်ရှိပြီး ပြည်ထောင်စုအဆင့်တွင်လည်း အမျိုးသမီးများ တာဝန်ထမ်းဆောင်လျက်ရှိနေကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံများအဖြစ်သာမက သမိုင်းကြောင်း၊ ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ ဆက်နွှယ်လျက်ရှိသည့်နိုင်ငံများလည်းဖြစ်ကြောင်း၊မိမိအနေဖြင့် ယခုခရီးစဉ်အတွင်း အဆွေတော်တို့ နိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှုရလဒ်ကောင်းများရရှိခဲ့ပါကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှုကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများတွင်လည်း ထိုင်းနိုင်ငံနှင့်အတူ ပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူကိစ္စနှင့်ပတ်သက်၍ မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံသဘောတူထားသည့် မူဘောင်အတိုင်းဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့် ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း။**

မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ကိုယ်စီလိုအပ်ချက်များ အပေါ်ပြန်လည်သုံးသပ်ပြီး အားသာချက်များအသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဆိုပါက နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကောင်အထည်ဖော်လာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိယခုဆွေးနွေးခဲ့သည့်ကိစ္စရပ်များသည် နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုအတွက်များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟုယုံကြည်ကြောင်းနှင့် အနာဂတ်တွင်လည်း မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုပြီး ထိုင်းအမျိုးသားလွှတ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၇**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို ယနေ့မွန်းလွဲပိုင်းတွင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များကို မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် သံအမတ်ကြီးက နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ်ဆိုင်ရာများနှင့် သံရုံး၏တာဝန်ထမ်းဆောင်မှုဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့ရပြီးနောက်ပိုင်း ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit)အဖြစ် ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ပြီး သံရုံး၊ စစ်သံရုံးများမှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများကိုလိုအပ်သည်များမှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခြား၍မရနိုင်သည့် အိမ်နီးချင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြကြောင်း၊ သမိုင်းကြောင်းအဆက်ဆက်ကိုကြည့်မည်ဆိုပါကလည်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား၊ တပ်မတော်နှစ်ရပ်အကြားတို့၌ ခိုင်မာသည့်ချစ်ကြည်ရေးနှင့်ရင်းနှီးနွေးထွေးသည့်ဆက်ဆံရေးသမိုင်းကြောင်းများရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ စတင်လျှောက်လှမ်းခဲ့ပြီး ပါတီစုံဒီမိုကရေစီ စနစ်ခိုင်ခိုင်မာမာဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအပါအဝင် ဝါရင့်ဒီမိုကရေစီနိုင်ငံကြီးများ၏ ဖြတ်သန်းကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများကိုလည်း သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မိမိတို့နိုင်ငံတွင် လက်ခံနိုင်ဖွယ်ရာမရှိသည့် မဲမသမာမှုရလဒ်များ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံတော်၏ ဒီမိုကရေစီ လျှောက်လှမ်းမှုသမိုင်းကို ရုပ်ဆိုးအကျည်းတန်စေခဲ့ကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့်ပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ အကြမ်းဖက်သည့် နည်းလမ်းကိုရွေးချယ်ခဲ့မှုကြောင့် နိုင်ငံတော်တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ကြုံတွေ့ခဲ့ရပြီး ယနေ့အချိန်ထိ အခက်အခဲ၊ အကျပ်အတည်းများစွာကို ရင်ဆိုင်ကြုံတွေ့ကျော်ဖြတ်နေရဆဲဖြစ်ပြီး သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများနှင့်အတူ နိုင်ငံတော်ကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ တရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်ထားသည့်အစိုးရသစ်ပေါ်ပေါက်လာပြီဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် နိုင်ငံရေးသဘောထားကွဲလွဲမှုကိစ္စရပ်များ၊ ၎င်းမှဆက်စပ်ဖြစ်ပေါ်လာသည့် လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် နိုင်ငံသားအချို့အနေဖြင့် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ခြင်း၊ သွားရောက်အလုပ်လုပ်ကိုင်ခြင်းများရှိခဲ့ကြောင်း၊ လက်ရှိအချိန်ထိ ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းအလုပ်သမားများ အများအပြားရှိနေဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုင်းနိုင်ငံရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများနှင့်ပတ်သက်၍ တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်ပေးသွားရန်နှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို သိရှိနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားကြ ရန်လိုကြောင်း၊ **ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌတို့နှင့်တွေ့ဆုံစဉ် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း။**

ပညာတော်သင်ဆိုင်ရာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံ စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများ များစွာ လာရောက်သင်ယူလျက်ရှိကြပြီး ၎င်းတို့၏ တိုးတက်နေသည့် ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ၊ အသိပညာများကို အမှန်တကယ်သိရှိ တတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာသွားကြရန် လိုကြောင်း၊ ဘာသာစကားနှင့်ပတ်သက်၍လည်း မိမိတို့လာရောက်တာဝန်ထမ်းဆောင်ရသည့်ကာလအတွင်း တတ်မြောက်အောင်လေ့လာသင်ယူခြင်းအားဖြင့် မိမိတို့၏တာဝန်ထမ်းဆောင်မှုနှင့် ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ အကျိုးရှိစေမည့်ကိစ္စရပ်များတွင်လည်း အထောက်အပံ့ကောင်းများဖြစ်လာစေနိုင်မည်ဖြစ်ကြောင်း။

တာဝန်ထမ်းဆောင်မှုများနှင့်ပတ်သက်၍ နိုင်ငံအချင်းချင်းဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည် များစွာအရေးပါသောကြောင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏တာဝန်များကို အတူတကွလာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှစစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံး၊ စစ်သံရုံးမိသားစုများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ သံရုံးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သံရုံးသို့စာရွက်စာတမ်းအထောက်အထားဆိုင်ရာကိစ္စရပ်များ လာရောက်ဆောင်ရွက်နေကြသည့် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး နိုင်ငံရပ်ခြားသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြပြီး လုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်သဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက မည်သည့်အခက်အခဲပင်ဖြစ်စေ သံရုံး၊ စစ်သံရုံးများသို့ အချိန်မရွေးအကူအညီတောင်းခံသွားကြရန်လိုကြောင်း၊ ထုတ်ပြန်ထားသည့် ဥပဒေနှင့် စည်းကမ်းများနှင့် အညီဖြစ်စေရေးအတွက်လည်း စနစ်တကျနေထိုင်လုပ်ကိုင်သွားကြရန် လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံသားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သံရုံးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ မြန်မာအလုပ်သမားများကို ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်ပေးသွားရန်လိုကြောင်း၊ သံရုံးဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ ဆောင်ရွက်ပေးရာတွင်လည်း စေတနာထားပြီးကိုယ်ချင်းစာစိတ်ဖြင့် စိတ်ရှည်ရှည်ထားကာ ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ဦးဆောင်သည့် ထိုင်းနိုင်ငံ အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများက ဒွန်မောင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

**❍ ပြန်လည်ရောက်ရှိမှ**

ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ပြန်လည် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များကို ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ဦးဆောင်သည့် ထိုင်းနိုင်ငံ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင် နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့မှလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌတို့နှင့်တွေ့ဆုံခြင်း၊ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သို့တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ အချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပုဂ္ဂလိက ကဏ္ဍအချင်းချင်းတို့၌ စီးပွားရေး၊ ကုန်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး၊ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများနှင့် လုပ်သားများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေးနှင့် ဥပဒေပိုင်းအရ အကာအကွယ်ပေးနိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုတို့ကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၏ ယခုထိုင်းနိုင်ငံ ခရီးစဉ်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအတွက် ကဏ္ဍသစ်ဖွင့်လှစ်ပေးနိုင်ခဲ့သော ခရီးစဉ်တစ်ခု၊ မြန်မာနိုင်ငံသားများ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် အဓိပ္ပာယ်ပြည့်ဝသော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိစေမည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ရှေ့ဖုံးမှအဆက်**

၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Treaty of Amity and Cooperation-TAC) နှင့် ၂၀၀၈ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းတို့သည် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားခြင်း၊ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ခြင်း၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းနှင့် စည်းမျဉ်းအခြေပြုပူးပေါင်းဆောင်ရွက်မှုတို့ကို ခိုင်မာစေခဲ့ပါသည်။

ယခုအခါ အာဆီယံသည် **"အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅"** မှ **"အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅"** သို့ ကူးပြောင်းနေသည့်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်သည် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့် ၎င်း၏ မဟာဗျူဟာမြောက် စီမံချက်များကို စတင်အကောင်အထည်ဖော်သည့် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်ပြီး အာဆီယံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်များကို ချမှတ်လျက်ရှိသည့်နှစ်လည်း ဖြစ်ပါသည်။ ယခုအခါ ဖိလစ်ပိုင်သမ္မတနိုင်ငံက **"ကျွန်ုပ်တို့၏ အနာဂတ်ကို အတူတကွ ဦးဆောင်သွားကြပါစို့ - Navigating Our Future, Together"** ဟူသောဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဦးဆောင်ဆောင်ရွက်လျက်ရှိရာ ယင်းသည်ဒေသတွင်း စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

အာဆီယံသည် ယခုအခါတွင် လူဦးရေ သန်း ၆၈၀ ကျော်ရှိသည့် ဒေသဆိုင်ရာအစုအဖွဲ့တစ်ရပ်ဖြစ်လာပြီး အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထားအမြင် (ASEAN Outlook on the Indo-Pacific - AOIP)ကို အခြေခံ၍ ဒေသတွင်းတည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်မြှင့်တင်နိုင်ခဲ့ပါသည်။ ထို့ပြင် အာဆီယံဒေသဆိုင်ရာဖိုရမ်(ASEAN Regional Forum-ARF)၊ အရှေ့အာရှထိပ်သီးအစည်းအဝေး (East Asia Summit-EAS) နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အပေါင်းအစည်းအဝေး(ASEAN Defence Minister Meeting Plus-ADMM-Plus) ကဲ့သို့သော အာဆီယံ ဦးဆောင်ယန္တရားများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။ စီးပွားရေးကဏ္ဍတွင်လည်း အာဆီယံသည် ကမ္ဘာပေါ်တွင် ပဉ္စမအကြီးဆုံး စီးပွားရေးအစုအဖွဲ့အဖြစ် ရပ်တည်လျက်ရှိပြီး ဒစ်ဂျစ်တယ်စီးပွားရေးနှင့် အစိမ်းရောင်စီးပွားရေး အသွင်ကူးပြောင်းမှုများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ လူငယ် နှင့်အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်ပြည်သူများ၏ ဘဝအရည်အသွေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်နိုင်ရန်လည်း အားပေးလျက်ရှိပါသည်။

သို့ရာတွင် အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား မဟာဗျူဟာပြိုင်ဆိုင်မှုများ၊ ပထဝီနိုင်ငံရေးတင်းမာမှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အွန်လိုင်းလိမ်လည်မှုများ၊ စွမ်းအင်နှင့် စားရေရိက္ခာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများစသည့်စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

**အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံ၏ အခြေခံမူများကို လေးစားလိုက်နာလျက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အာဆီယံမိသားစုဝင်နိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် . . .**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ ကွဲပြားခြားနားသည့်အလျောက် အကျိုးစီးပွားနှင့် ဦးစားပေးဆောင်ရွက်မှု အခန်းကဏ္ဍသည်လည်း ကွဲပြားလျက်ရှိကြပါသည်။ သို့ဖြစ်ရာ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ပြည်တွင်းရေးကိစ္စရပ်များကိုသာ အလေးထားဖြေရှင်းရန် လိုလားမှုသည် အာဆီယံအသင်းကြီး၏ အချက်အချာကျမှုအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ကိုအခြေခံ၍ အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းကာ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသော ဒေသဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုကို ပိုမိုအားကောင်းစွာ ဖော်ဆောင်သွားကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ရာ ယခုနှစ်တွင် အဖွဲ့ဝင်သက်တမ်း ၂၉ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံသည် တာဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံယန္တရားများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များတွင်လည်း အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြည်သူလူထုဆန္ဒနှင့်အညီ လွတ်လပ်မှု၊ တရားမျှတမှုတို့ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ထွက်ပေါ်လာသည့် ရွေးကောက်ခံအစိုးရသစ်အနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံ၏ အခြေခံမူများကို လေးစားလိုက်နာလျက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အာဆီယံမိသားစုဝင်နိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅၉ နှစ်တာ ကာလအတွင်း အာဆီယံ၏ အောင်မြင်မှုများသည် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တာဝန်ယူမှုနှင့် **"အာဆီယံမိသားစု"** စိတ်ဓာတ်အပေါ်အခြေခံ၍ အာဆီယံအချက်အချာကျမှုနှင့်အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများကို တစိုက်မတ်မတ်စောင့်ထိန်းလိုက်နာခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။ ယင်းခိုင်မာသောအုတ်မြစ်များကို ဆက်လက်ထိန်းသိမ်း၍ အာဆီယံမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ ပိုမိုခံနိုင်ရည်ရှိသော၊ ဆန်းသစ်တီထွင်မှုကို အားပေးသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူဗဟိုပြုသော အသိုက်အဝန်းတစ်ရပ်ကို **"မည်သူတစ်ဦး တစ်ယောက်မျှ နောက်ကျန်မနေစေရေး-Leaving No One Behind"** မူနှင့်အညီ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ အလားတူ ဒေသတွင်း ပြည်သူများ၏ဘဝအရည်အသွေး ပိုမိုမြင့်မားလာစေရေးအတွက် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ အချက်အချာကျမှုနှင့် အခြေခံစံတန်ဖိုးများကို အဖွဲ့ဝင်နိုင်ငံအားလုံးက အတူတကွ ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသော ၅၉ နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အခါသမယတွင် အာဆီယံပြည်သူများအားလုံး စည်းလုံးညီညွတ်မှုနှင့် အာဆီယံမိသားစုစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်း၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ အာဆီယံဒေသကြီးသည် ငြိမ်းချမ်းတည်ငြိမ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ပိုမိုကြံ့ခိုင်အားကောင်းသော အသိုက်အဝန်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်းနှင့် အာဆီယံမိသားစုဝင် ပြည်သူများအားလုံး ကျန်းမာချမ်းသာ၍ ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ**
**ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းဘုရင့်နန်းတော်ဝင်း အတွင်းရှိ မြဘုရားကျောင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဓမ္မလက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းဘုရင့်နန်းတော်ဝင်း အတွင်း လှည့်လည်ကြည့်ရှုစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းဘုရင့်နန်းတော်ဝင်း အတွင်းရှိ Dusit Maha Prasat Throne Hall ၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ဘုရင့်နန်းတော်ဆိုင်ရာများနှင့် မြဘုရားဆိုင်ရာတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းမန်ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကာ မြဘုရားအတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံစံတူထုဆစ်ပူဇော်ထားသည့်စကျင်ကျောက်ဆင်းတုတော်မြတ်နှင့် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြဘုရားကျောင်းဆောင်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး တာဝန်ရှိသူများက မြဘုရားနှင့် သာသနိက အဆောက်အအုံများ၏ သမိုင်းကြောင်းများ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ထိုင်းဘုရင့်နန်းတော်ဝင်း အတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ မယ်တော် မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်း၊ Piman Rattaya Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ သမီးတော် မင်းသမီးကြီး Princess Bajrakitiyabha အား အောက်မေ့သတိရလွမ်းသူ့ပန်းခွေချခြင်း၊မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မှတ်တမ်းစာအုပ်တွင် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းဘုရင့်နန်းတော်ဝင်း အတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ မယ်တော် မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ခိုင်မာရဲရင့် လှမ်းတိုင်းတင့်ခဲ့ အာဆီယံတွင်းသို့ ဒုတိယမြောက် ယုံကြည်ခြေတစ်လှမ်း

ကေဇက်ဟိန်း(PPIB)

**မြန်မာနိုင်ငံရဲ့ အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှတို့ရဲ့ Land Bridge(ကုန်းမြေပေါင်းကူးတံတား)ဖြစ်ပြီး ထိစပ်အိမ်နီးချင်းနိုင်ငံများအနေနဲ့ ကုန်းတွင်းထိစပ်မှုကတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာဆိုတဲ့ သမုဒ္ဒရာနှစ်စင်းဆီသို့ အနာဂတ်ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးထိ ခရီးဆက်နိုင်မှုကို ထိထိမိမိချပြနိုင်ခဲ့ပါတယ်။ ဒ့ါပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း၊ မြန်မာ-အိန္ဒိယ ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံအဝေးပြေးလမ်းမကြီးအစီအစဉ် စတဲ့ ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များချိတ်ဆက်နိုင်မှုတွေကို ပိုင်ဆိုင်ထားတဲ့ မြန်မာ့မြေရဲ့စွမ်းအားကို စိတ်ဝင်စားစွာချပြနိုင်ခဲ့ပါတယ်. . .**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သောအဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၂၆ ခုနှစ် ဩဂုတ် ၆ ရက်နေ့မှာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ Official Visit ခရီးစဉ်ကို စတင်ခဲ့ပါတယ်။ ဒီခရီးစဉ်ကိုတော့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်က ဖိတ်ကြားခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံတော်သမ္မတတာဝန်စတင်ယူခဲ့စဉ်ကစလို့ ပြည်ပနိုင်ငံအကြီးအကဲများရဲ့ တခုတ်တရ ဖိတ်ကြားမှုကိုခံခဲ့ရပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်တို့ ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။(၆-၈-၂၀၂၆)

ပြည်ပခရီးစဉ်များကို ပြန်ကြည့်ရင် ပထမဆုံးပြည်ပခရီးစဉ်ဟာ ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုဖြစ်တဲ့ အိန္ဒိယနိုင်ငံခရီးစဉ်ပဲဖြစ်ပါတယ်။ ဒုတိယပြည်ပခရီးစဉ်ကတော့ ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တတိယပြည်ပခရီးစဉ်ကတော့ အာဆီယံဒေသတွင်း နိုင်ငံတစ်ခုဖြစ်တဲ့ လာအိုနိုင်ငံနဲ့ စတုတ္ထမြောက်ဖြစ်တဲ့ လက်ရှိပြည်ပခရီးစဉ်ကတော့ အာဆီယံဒေသတွင်းရဲ့ ထိုင်းနိုင်ငံပဲဖြစ်ပါတယ်။ တခုတ်တရဖိတ်ကြားမှုကြောင့် သွားရောက်ခဲ့တဲ့ ပြည်ပနိုင်ငံများကို ကြည့်ရင် နယ်နိမိတ်ချင်းထိစပ်မှုသာမက ကမ္ဘာ့မျက်နှာစာနဲ့ အာဆီယံဒေသတွင်းဆိုတဲ့ အခြေအနေတို့ကိုပါ ထည့်သွင်းသုံးသပ်ရမှာဖြစ်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်မှုနဲ့အတူ လက်ရှိပေါ်ပေါက်ခဲ့တဲ့ ဒီမိုကရေစီအစိုးရသစ်ရဲ့ အရေးပါအရာရောက်မှုကိုပါ မျက်ဝါးထင်ထင်တွေ့မြင်ရမှာဖြစ်ကြောင်း ကနဦးမီးမောင်းထိုးပြလိုပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်တို့ တွေ့ဆုံဆွေးနွေးစဉ်။(၆-၈-၂၀၂၆)

**မြန်မာနိုင်ငံမှသည် ထိုင်းနိုင်ငံဆီသို့**

၂၀၂၆ခုနှစ် ဩဂုတ် ၆ ရက်ရဲ့ နံနက်ခင်းတစ်ခုပင်။ ထက်အာကာတစ်ခွင် ကြည်လင်သော်ငြား မိုးသားတိမ်လိပ်တို့က ပဝါပါးပါးတစ်လွှာကို လွှမ်းခြုံထားသလို။ နေပြည်တော်လေဆိပ်တွင် နိုင်ငံတော်အကြီးအကဲကို ပို့ဆောင်နှုတ်ဆက်ကြမည့် နိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်တဲ့ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်တွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်တဲ့ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနဲ့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများကလည်း အသင့်စောင့်ဆိုင်းလို့နေပါတယ်။

နိုင်ငံတော်အကြီးအကဲ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ အေးမြတဲ့ လေပြည်နုများကြားမှာ တည်ငြိမ်စွာ မောင်းနှင်ရင်း လေဆိပ်အတွင်း ဝင်ရောက်လာခဲ့ပါပြီ။ နိုင်ငံတော်အကြီးအကဲက အထူးယာဉ်ပေါ်မှ ဖြည်းညင်းစွာ ဆင်းသက်လိုက်ပါတယ်။ ယာဉ်ပေါ်မှ ဆင်းသက်လိုက်သည်နှင့် ခရီးဦးကြိုပြုနေသူများကို နိုင်ငံတော်အကြီးအကဲက ပြုံးရွှင်စွာ ကနဦး နှုတ်ဆက်လိုက်ပါတယ်။ အထူးလေယာဉ်ပေါ်သွားရာ လမ်းတစ်လျှောက်စောင့်ကြိုနေသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လက်ဆွဲ နှုတ်ဆက်ခဲ့ပြန်ပါသေးတယ်။

ဒီမြင်ကွင်းဟာ သာမန်မြင်ကွင်းတစ်ခု မဟုတ်ဘဲ စာရေးသူတို့နိုင်ငံရဲ့ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ အဓိကပင်နယန်သုံးခုရဲ့ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ တွဲလက်ညီမှုဆိုတဲ့ ညွှန်းဆိုချက်များသာဖြစ်ပါတယ်။ ဘယ်ပန်းချီကရေးလို့ မီနိုင်ပါ့အုံးမလဲ။ စာရေးသူပင် အမှတ်မထင်ပြုံးလျက် မှင်တက်မိခဲ့ပါသေးတယ်။

အသီးသီး လက်ဆွဲနှုတ်ဆက်ရင်း နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အသင့်စောင့်ဆိုင်းနေတဲ့ အထူးလေယာဉ်ပေါ်သို့ လျှောက်လှမ်းသွားခဲ့ပါပြီ။ ဒီလိုနဲ့ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ တိမ်တိုက်များထဲတိုးဝှေ့ရင်း အိမ်နီးချင်းတို့ရှိရာ ထိုင်းနိုင်ငံဆီကို တရွေ့ရွေ့ ထွက်ခွာလာခဲ့ပါတော့တယ်။ ဒီခရီးစဉ်မှာဆိုရင် နိုင်ငံတော်အကြီးအကဲနဲ့အတူ ခရီးစဉ်နဲ့သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးတွေ၊ ဒုတိယဝန်ကြီးတွေ လိုက်ပါလာခဲ့ပါတယ်။ ဒ့ါပြင် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ပါ လိုက်ပါလာခဲ့ပါတယ်။

မိဘတွေဟာ အိမ်နီးချင်း အိမ်တစ်အိမ်ကို သွားလည်တာမျိုး၊ မိတ်ကောင်းဆွေကောင်းတွေရဲ့ ပွဲတစ်ခုခုကို သွားတာမျိုး၊ ခရီးတစ်ခုသွားတာမျိုး စတာတွေမှာ **စာမျက်နှာ ၂၁ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝိုနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။(၆-၈-၂၀၂၆)

စာမျက်နှာ ၂၀ မှအဆက်

မိမိသားသမီးတွေရဲ့ အရွယ်ကိုကြည့်ပြီး ခေါ်သွားတတ်ကြပါတယ်။ သွားမယ့်နေရာမှာ သိစေချင်တဲ့အရာတွေ၊ ဗဟုသုတရစေချင်တဲ့အရာတွေ၊ အတွေ့အကြုံကောင်းရစေချင်တဲ့အရာတွေ စတဲ့ အခြေအနေတွေအပေါ် တွေးဆပြီး ခေါ်သွားတတ်ကြပါတယ်။ မိဘနဲ့ သားသမီးသဘာဝကို မြင်တွေ့နိုင်သလို နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် ဆောင်ရွက်သင့်တာမှန်သမျှကို Government To Government ( G To G) ပဲ ဆောင်ရွက်ရမယ်ဆိုတဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ရဲ့ နိုင်ငံတကာကို လှစ်ဟပြတဲ့ ရင်တွင်းဆုံးဖြတ်ချက်သဘောတစ်ခုကိုလည်း ထိုးဖောက်မြင်တွေ့မိပါတယ်။ စာရေးသူဆိုလိုတဲ့ သာမန်ထက်ပိုတဲ့ ညွှန်းဆိုချက်ဆိုတာ ဒီသဘောပါပဲ။ စာရေးသူရဲ့ အမြင်တစ်ခုသာဖြစ်ပါတယ်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ မှာ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆိုက်ရောက်ခဲ့ပါပြီ။ လေဆိပ်ကိုရောက်တာနဲ့ ကြည်လင်တဲ့ရာသီဥတုက အသင့်ဆီးကြိုလို့နေပါတယ်။ လေယာဉ်ပေါ်က ဆင်းလိုက်တာနဲ့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်တဲ့ ထိုင်းနိုင်ငံက တာဝန်ရှိသူတွေ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနဲ့ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) စစ်သံမှူးနှင့်ဇနီးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။

အထူးလေယာဉ်ပေါ်က ဆင်းရာလမ်းတစ်လျှောက် ကော်ဇောနီခင်းကာဝဲယာမှာလည်း ဂုဏ်ပြုတပ်ဖွဲ့များရဲ့ အလေးပြုကြိုဆိုခြင်းကို တွေ့မြင်ရပါတယ်။ ဒါ့ပြင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၂၁ ချက်ပစ်ဖောက်ပြီး ကြိုဆိုခဲ့ပါတယ်။ ဒီမြင်ကွင်းတွေကို မြင်တိုင်း ကမ္ဘာ့ဦးဆောင်နိုင်ငံကြီးတွေ၊ အာဆီယံဒေသတွင်းက နိုင်ငံတွေရဲ့ မိမိနိုင်ငံတော်အကြီးအကဲ ပေါ်ထားရှိတဲ့ လေးနက်တဲ့ တန်ဖိုးထားရှိမှုများနဲ့ လှိုက်လှဲတဲ့ အသိအမှတ်ပြုခြင်းတွေကို အလိုလိုခံစားရပါတယ်။ နိုင်ငံတော်အကြီးအကဲအပေါ် ထင်ဟပ်လာတဲ့ ဂုဏ်ယူတန်ဖိုးထားစိတ်များနဲ့အတူ အဝေးတစ်နေရာမှာ ကျန်ခဲ့တဲ့ အမိနိုင်ငံတော်ကြီးရဲ့တန်ဖိုးကိုလည်း လွမ်းလို့ပင်မှန်းဆမိပါသေးတယ်။

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ဂုဏ်ပြုကြိုဆိုနေ**

နိုင်ငံတော်အကြီးအကဲနဲ့အတူ စာရေးသူတို့အဖွဲ့ဟာ လေဆိပ်ကနေ အထူးယာဉ်တန်းနဲ့ ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်ဆီသို့ ခရီးဆက်ခဲ့ပါတယ်။ လမ်းတစ်လျှောက် ထိုင်း-မြန်မာ နှစ်နိုင်ငံအလံတွေကိုစိုက်ထူပြီး ခရီးစဉ်အတွက် စနစ်တကျစီစဉ်ထားတာကို တွေ့မြင်ရပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့အတူ စာရေးသူ နိုင်ငံအချို့ကို ရောက်ဖူးခဲ့ပါတယ်။ နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်မှုတွေကို မြင်ခဲ့ဖူးပါတယ်။ ဒီခရီးစဉ်မှာလည်း ဗန်ကောက်ရဲ့ မြို့ပြဖွံ့ဖြိုးမှုဟာ အသွင်တစ်မျိုးနဲ့စာရေးသူကို ဆွဲဆောင်လိုက်နိုင်ပါတယ်။ အထပ်မြင့်အဆောက်အအုံတွေ၊ အဆင့်မီတဲ့ မြို့ပြလမ်းမတွေ၊ မြို့ပြများရဲ့နေရာအချို့ကနေ အဆင့်အတန်းမီတည်ဆောက်ထားတဲ့ ခုံးကျော်တံတားကြီးတွေနဲ့ မြို့တော်ဗန်ကောက်ရဲ့ပုံရိပ်တွေကတော့ ရိုက်ချက်မိတဲ့ ဓာတ်ပုံကောင်းတစ်ကွက်၊ ဆေးချက်ညီတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။ မြို့တော်ဗန်ကောက်ဟာ စာရေးသူကို သူရဲ့ Green City, Clean City, Smart City ဖြစ်ကြောင်းကို ဂုဏ်ယူဝင့်ကြွားနေသလိုပင်။ ရာသီသဘာဝနဲ့ မြို့ပြအလှစည်းချက်ညီနေသည်ဟု ဆိုရပါမယ်။

မကြာမီပင် နိုင်ငံတော်အကြီးအကဲလိုက်ပါလာတဲ့အထူးယာဉ်တန်းဟာ အစိုးရအိမ်တော်အဆောက်အအုံရှေ့ကိုရောက်ရှိခဲ့ပါပြီ။ နိုင်ငံတော်အကြီးအကဲက အထူးယာဉ်တန်းက ဆင်းလိုက်တာနဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ရင်းနှီးလှိုက်လှဲနွေးနွေးထွေးထွေး ကြိုဆိုခဲ့ပါတယ်။ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့် အလေးပြုခံစင်မြင့်ထက်ကို တည်ငြိမ်စွာလျှောက်လှမ်းသွားကြပါတယ်။ အလေးပြုခံစင်မြင့်ထက်မှာနေရာယူပြီး ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများနဲ့ တီးမှုတ်ဂုဏ်ပြုကာ အလေးပြုခြင်းကို ခံယူခဲ့ပါတယ်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ တည်ငြိမ်သော ခြေလှမ်းများနဲ့ ဂုဏ်ပြုတပ်ဖွဲ့များကို လျှောက်လှမ်းစစ်ဆေးခဲ့ပါတယ်။ လိုက်ပါလာတဲ့ နှစ်နိုင်ငံကိုယ်စားလှယ်အရာရှိကြီးများကို အပြန်အလှန်မိတ်ဆက်ပေးပြီး အစိုးရအိမ်တော်ခန်းမအတွင်းကို ဝင်ရောက်သွားခဲ့ပါပြီ။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦးတွေ့ဆုံစဉ်မှာတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိမှုများ၊ အွန်လိုင်း လောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာများ၊ တရားမဝင် နယ်စပ်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့်မြစ်ရေညစ်ညမ်းမှုဆိုင်ရာများ၊ စွမ်းအင်ကဏ္ဍပူးပေါင်းမှုများ၊ အာဆီယံဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရေးကို အခြေခံပြီး ပိုမိုပူးပေါင်းဆောင်ရွက်သွားဖို့ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးရဲ့ အပြုံးများက ဆွေးနွေးမှုများရဲ့ ရလဒ်များလို့ ဆိုရပါမယ်။ စာရေးသူလည်း မနီးမဝေးတစ်နေရာက ပြုံးကြည့်ရင်း မိမိနိုင်ငံရဲ့ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ်ဖြစ်သော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ နယ်စပ်ကုန်သွယ်မှုအပါအဝင် စွမ်းအင်ကဏ္ဍများအတွက် ဖြစ်ပေါ်လာမယ့်အနာဂတ်ကိုတွေးဆလို့ ပီတိဖြစ်မိခဲ့ပါတယ်။ ဆိုခဲ့စေမြဲစေမို့ မိမိတို့နိုင်ငံရဲ့ **စာမျက်နှာ ၂၂ သို့**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"တွင် မိန့်ခွန်းပြောကြားစဉ်။(၆-၈-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။(၆-၈-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ရှေ့မှောက်၌ နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာတို့ အပြန်အလှန်လဲလှယ်ကြစဉ်။(၆-၈-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။(၆-၈-၂၀၂၆)

**စာမျက်နှာ ၂၁ မှအဆက်**

ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှု အပါအဝင် အထူးသဖြင့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအဟုန်ကို အဟန့်အတား သဖွယ်ဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခအရေးရဲ့ တစ်စတစ်စကွယ်ပျောက်သွားနိုင်မှုကိုလည်း မှန်းဆပုံဖော်မိပါသေးတယ်။ စာရေးသူရဲ့အတွေးတစ်စပေါ့။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခြင်းနှင့်အတူ နှစ်နိုင်ငံစာချုန်လွှာ၊ သဘောတူစာချုပ်များ အပြန်အလှန်လက်မှတ်ရေးထိုးကြပြီး တွေ့ဆုံပွဲကို အစိုးရအိမ်တော် Pakdi Bodin Bulding မှာ ကျင်းပခဲ့ပါတယ်။

**“နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံဖြစ်ပါကြောင်း”**

**“နှစ်နိုင်ငံကြား ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေမှုနှင့်အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန်ဆက်စပ်လျက်ရှိနေပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှ လိုလားပါကြောင်း”**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်ရဲ့ ဆွေးနွေးမှုများထဲမှ ထုတ်နုတ်မျှဝေခြင်းဖြစ်ပါတယ်။ မိတ်ဆွေကောင်းတို့မည်သည် အချင်းချင်းပျက်စီးမည့်အကျိုးကို လိုလားသည်မဟုတ်။ မိတ်ဆွေအချင်းချင်းကြားက ယုံကြည်စိတ်ချရမှုမှာ ရွှေငွေကျောက်သံရတနာတို့ထက် အဖိုးထိုက်လှပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာအနုထင်ချာဝီရကွန်၏ ကတိသစ္စာတစ်ခွန်းကား မိမိတို့နိုင်ငံနှင့် ထိစပ်နယ်မြေများအပေါ် များစွာခရီးရောက်ခဲ့ပါပြီ။

မြန်မာနိုင်ငံနှင့် အာဆီယံဟု ဖွင့်ဟခဲ့သော စကားတစ်ခွန်းသည် မစ္စတာ အနုထင် ချာဝီရကွန်ထံမှပင် မဟုတ် ခရီးစဉ်တိုင်းရှိ နိုင်ငံခေါင်းဆောင်များ၏ နှုတ်မှ ကြားနေရသောစကားလုံးတစ်ခုပါ။ သည်လိုဆိုလျှင် သခွတ်ပင်ကမီး တကျည်ကျည်လိုဖြစ်နေတဲ့ အာဆီယံအရေးအတွက် မည်သူတွေမည်သို့ ဆိုကြမလဲ။ မြန်မာက အာဆီယံကိုလိုတာလား၊ အာဆီယံက မြန်မာကိုလိုတာလား။ ကိုယ်တိုင်ဆုံးဖြတ်သင့်သူတွေ သိမ်မွေ့စွာ ဆုံးဖြတ်လုပ်ကိုင်သွားကြပါလိမ့်မယ်။ စာရေးသူရဲ့ အတွေးစတစ်ခုသာ ဖြစ်ပါတယ်။

**“မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီသို့ ဦးတည် လျှောက်လှမ်းနေပြီဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း”**

**“နိုင်ငံတကာဆက်ဆံရေးတွင်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးဆက်ဆံရေးကို ထိန်းသိမ်းထားပြီး အာဆီယံနှင့်လည်း ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးကို အလေးထားဆောင်ရွက်သွားမည်”**

**“နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက် ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း”**

မိမိနိုင်ငံအကြီးအကဲရဲ့ ဆွေးနွေးချက်များထဲမှ ဆွေးနွေးချက်အချို့ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ရဲ့ ဒီမိုကရေစီလမ်းကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ အာဆီယံအရေး စတဲ့ အချက်တွေကို လိုရင်းတိုရှင်းစွာနဲ့ ထိထိမိမိ ပြန်လည်ဆွေးနွေးခဲ့ပါသေးတယ်။ ဒ့ါပြင် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုဟူသည့် ဆက်နွယ်မှုကို ကိုင်ဆောင်၍ နှစ်နိုင်ငံပြည်သူများအကျိုးကိုလည်း အချက်ကျကျပြန်လည်ဆွေးနွေးနိုင်ခဲ့ပါတယ်။

**“ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် အမြဲတမ်းယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဆိုင်ရာများနှင့် ပတ်သက်၍ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ဆောင်ရွက်သွားမည်”**

**“နှစ်နိုင်ငံကြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း”**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်ရဲ့ ပြန်လည်ဆွေးနွေးမှုများထဲက ထုတ်နုတ်တင်ပြတာဖြစ်ပါတယ်။

အပြန်အလှန် ဆွေးနွေးချက်များကြားက မွေးဖွားလာသည့် ကတိစကားများက နှစ်ပြည်ထောင်ပြည်သူများအတွက် လှပတဲ့အနာဂတ်များအဖြစ်ပုံပေါ်လာပါတော့မယ်။ **“မကောင်းတာတွေပျောက်စေ၊ ကောင်းတာတွေရောက်စေ”** ဟူသော စာရေးသူရဲ့ မိဘဘိုးဘွားများ ဆုပေးသံကို အမှတ်အထင်ကြားယောင်မိပါသေးတယ်။ ဒ့ါပြင် နှစ်နိုင်ငံလွှတ်တော်များကြား အပြန်အလှန်လေ့လာရေးခရီးစဉ်များ စေလွှတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံကြား မဟာဗျူဟာအဆင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသေးတယ်။

နှစ်နိုင်ငံအကြီးအကဲများရှေ့မှောက်မှာပဲ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှု၊ လုပ်သားများခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊ အာကာသ နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်ရေများ၏ ရေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်စတဲ့သဘောတူစာချုပ်နဲ့ နားလည်မှုစာချွန်လွှာလေးခုတို့ကို အပြန်အလှန်လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြပါတယ်။

**နိုင်ငံတော်အကြီးအကဲ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီ**

မြန်မာ- ထိုင်း စီးပွားရေးဖိုရမ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Queen Sirikit National Convention Center မှာ ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ နှစ်နိုင်ငံအကြီးအကဲတို့ဟာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်က စတင်ပြောကြားခဲ့ပါတယ်။ ထိုင်းနိုင်ငံအကြီးအကဲအနေနဲ့ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အိမ်ခြံမြေလုပ်ငန်းများနဲ့ ခရီးသွားလုပ်ငန်းများအပေါ် လွှမ်းခြုံပြောကြားခဲ့ပါတယ်။ ဒ့ါပြင် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက် (Supply Chain) နဲ့ စပ်လျဉ်းပြီး နှစ်နိုင်ငံအစိုးရများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ပိုမိုနီးကပ်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှု အားကောင်းရေးမှသည် နှစ်နိုင်ငံရဲ့ အနာဂတ်စီးပွားရေးထိ အကျိုးရလဒ်ဖော်ဆောင်ရေးထိ ရှင်းလင်းပြောကြားခဲ့ပါတယ်။

မိမိတို့နိုင်ငံအကြီးအကဲ အလှည့်မှာတော့ နှစ်နိုင်ငံကြား အပြန်အလှန်အကျိုးပြုမယ့် မိတ်ဖက်စီးပွားရေးပူးပေါင်းမှုကနေ ကမ္ဘာကြီးရဲ့ ခန့်မှန်းရခက်တဲ့ အပြောင်းအလဲပေါ်ဖြစ်ပေါ်လာမယ့် စီးပွားရေးစိန်ခေါ်မှုကို ကြံ့ကြံ့ခံနိုင်ဖို့ စာမျက်နှာသစ်တစ်ရပ်ဆိုတဲ့ စကားနဲ့ လှပစွာ စကားဖွင့်လှစ်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ နှစ်နိုင်ငံ နယ်နိမိတ်ထိစပ်မှု၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှု၊ ပို့ကုန်သွင်းကုန်များပို့ဆောင်နေမှု စတဲ့အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွေကို ပကတိထက် အနာဂတ်မှာ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ဖို့ကိုလည်း ပြောကြားခဲ့ပါတယ်။

ဒ့ါပြင် မိမိနိုင်ငံရဲ့ ပထဝီကျကျတည်ရှိနေမှုတန်ဖိုးကိုအခြေခံပြီး မိမိတို့နိုင်ငံရဲ့မြေပထဝီဟာ မဟာမဲခေါင်ဒေသ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စတဲ့ မဟာဗျူဟာမြောက်အရေးပါမှုတို့ကိုပါ ဆင့်ကဲချပြနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံကြား မြေပထဝီ ကိုယ်စီပိုင်ဆိုင်မှုကတစ်ဆင့် ဒေသတွင်း မဟာဗျူဟာမြောက်စီးပွားရေးစင်္ကြံလမ်းတွေ ပိုင်ဆိုင်ထားတာနဲ့ အညီ တရားဝင်အကျိုးတူစီးပွားရေးလုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနဲ့ နီးကပ်စွာဆောင်ရွက်ကြဖို့အပြင် တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း အားမပေးကြောင်း၊ ပူးပေါင်းတိုက်ဖျက်သင့်ကြောင်းတို့ကိုပါ လိမ်မာပါးနပ်စွာ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှတို့ရဲ့ Land Bridge (ကုန်းမြေပေါင်းကူးတံတား) ဖြစ်ပြီး ထိစပ်အိမ်နီးချင်းနိုင်ငံများအနေနဲ့ ကုန်းတွင်းထိစပ်မှုကတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာဆိုတဲ့ သမုဒ္ဒရာနှစ်စင်းဆီသို့ အနာဂတ်ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးထိ ခရီးဆက်နိုင်မှုကို ထိထိမိမိချပြနိုင်ခဲ့ပါတယ်။ ဒ့ါပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း၊ မြန်မာ-အိန္ဒိယ ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း၊ မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံအဝေးပြေးလမ်းမကြီးအစီအစဉ် စတဲ့ ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်များ ချိတ်ဆက်နိုင်မှုတွေကို ပိုင်ဆိုင်ထားတဲ့ မြန်မာ့မြေရဲ့စွမ်းအားကို စိတ်ဝင်စားစွာ ချပြနိုင်ခဲ့ပါတယ်။

နိုင်ငံတွင်းဆောင်ရွက်နေတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ စွမ်းအင်ကဏ္ဍတွေ၊ စက်မှုထုတ်ကုန်လုပ်ငန်းတွေ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းတွေစတဲ့ လိုအပ်တဲ့ကဏ္ဍစုံစီးပွားရေးလုပ်ငန်းတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေအတွက်လည်း ဖိတ်ခေါ်ခဲ့ပါတယ်။ နှစ်နိုင်ငံ ပိုင်ဆိုင်ထားတဲ့ မြေပထဝီ၊ ကုန်ထုတ်စွမ်းအား၊ လူသားအရင်းအမြစ်စွမ်းအား၊ ရင်းနှီးမြှုပ်နှံမှုစွမ်းအားတွေကတစ်ဆင့် နှစ်နိုင်ငံအတွက် Win Win သီအိုရီကို ပြည့်ပြည့်စုံစုံနဲ့ ပြောကြားခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ ဒ့ါပြင် မိမိတို့နိုင်ငံတော်အကြီးအကဲအနေနဲ့လည်း ခေတ္တတည်းခိုရာ ဟိုတယ်မှာပင် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနဲ့ သီးခြားတွေ့ဆုံမှုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ခရီးစဉ်မှာ လိုက်ပါလာတဲ့လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးတို့တွေ့ဆုံပြီး နှစ်နိုင်ငံလျှပ်စစ်နှင့်စွမ်းအင် ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးတို့အတွက်လည်း ဆွေးနွေးခဲ့ကြပါသေးတယ်။

ညပိုင်းမှာတော့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပါတယ်။

Official Visit ထိုင်းနိုင်ငံခရီးစဉ်ရဲ့ တစ်ရက်တာလေးကတော့ ကုန်လွန်သွားခဲ့ပါပြီ။ အနည်းငယ်သော အချိန်တွေထဲမှာ မြားမြောင်သော စကားလုံးတွေနဲ့အတူ များပြားသော နိုင်ငံ့အကျိုးတွေကို အရယူသိမ်းပိုက်နိုင်ခဲ့တယ်လို့ ဆိုရပါမယ်။ နိုင်ငံတော်အကြီးအကဲဟာ မိမိရဲ့ယုံကြည်မှု၊ အစိုးရအဖွဲ့ဝင်တွေအပေါ်ထားတဲ့ယုံကြည်မှု၊ နိုင်ငံရဲ့ပထဝီပိုင်ဆိုင်မှုတန်ဖိုးတို့အပေါ် မမိုတ်မသုန်လက်ကိုင်ပြုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ကြိုးစားဆောင်ရွက်နေတာကို အထင်အရှားတွေ့မြင်ရပါတယ်။

နိုင်ငံ့အရေးကို ကြိုးပမ်းရင်း အကြီးအကဲရဲ့ အရှိန်အဟုန်နဲ့လျှောက်လှမ်းနေမှုများဟာ ကမ္ဘာ့မျက်နှာစာတစ်ခု၊ ဒေသတွင်းမျက်နှာစာတစ်ခုဆိုတဲ့ထိ တွေ့မြင်ရမှာဖြစ်ပါတယ်။ ယခု ထိုင်းနိုင်ငံခရီးစဉ်ဟာလည်း ပြည့်အကျိုးသယ်ပိုးရင်း **ခိုင်မာရဲရင့်လှမ်းတိုင်းတင့်ခဲ့တဲ့ အာဆီယံဒေသတွင်းဆီသို့ ဒုတိယမြောက် ယုံကြည်ခြေတစ်လှမ်းအဖြစ် သမိုင်းတွင်ခဲ့ပြီဟုသာ စာလွှာပါးရင်း ကမ္ပည်းတင်လိုက်ပါရစေခင်ဗျာ။** ။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၄ ဖြင့် ၂၁-၄-၂၀၂၄ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၃)စဝ်ဆေပိုင်ဖ၊ အတွင်းရေးမှူး(၃)စပ်ပထွန်း၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်ဖူးလူနှင့် စဝ်စွမ်မောဝ်၊ ရုံးအဖွဲ့မှူး စဝ်အွန်မိန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)အဖွဲ့သည် ၂၀၂၄ ခုနှစ် ဧပြီ ၂၁ ရက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပြီးတွင် အစောဆုံး လာရောက်တွေ့ဆုံခဲ့သည့်အဖွဲ့ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံမှုသည် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်ပြီး ယခင်ကလည်း တွေ့ဆုံဆွေးနွေးမှုများရှိခဲ့ကြောင်း၊ ပထမအကြိမ်တွင် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပြီး ဒေသတည်ငြိမ်ရေးနှင့်ပတ်သက်၍ နှစ်ဖက်ပေါင်းစပ်အဖွဲ့ ဖွဲ့စည်းနိုင်ရန် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒေသတွင်း မတည်ငြိမ်သည့် အခြေခံအကြောင်းရင်းများဖြစ်သည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများကို အဓိက ပပျောက်စေလိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ မဖြစ်ရန်လိုအပ်ကြောင်း၊ ပဋိပက္ခဖြစ်ပွားသည်နှင့် ဒေသတွင်း အရင်းအမြစ်များစွာ ဆုံးရှုံးပါကြောင်းနှင့် ပထမအကြိမ်ဆွေးနွေးချက်များကို မည်သို့ဆောင်ရွက်နေသည်ကို နှစ်ဖက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ဒုတိယဥက္ကဋ္ဌ(၃) စဝ်ဆေပိုင်ဖက ယနေ့ဆွေးနွေးပွဲ တွင် ကောင်းမွန်သည့် ရလဒ်ရရှိမည်ဟုမျှော်လင့်ကြောင်း၊ ယခု တွေ့ဆုံပွဲတွင် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို အခြေခံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ SSPP အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်လာရေး အခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေး "မူ"ကို အစဉ်အမြဲ ကိုင်စွဲထားကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် စိတ်ဆန္ဒရှိကြောင်း၊ လက်ရှိအနေအထားတွင် မိမိတို့ဒေသဖွံ့ဖြိုးရေးကို ကြိုးစားဆောင်ရွက်နေပြီး တပ်မတော်နှင့်လည်း ထိတွေ့မှုမရှိကြောင်း၊ အတိတ်ကဖြစ်စဉ်များကို အမြဲသင်ခန်းစာယူပါကြောင်း၊ ငြိမ်းချမ်းရေးသည် မိမိတို့ပြည်ထောင်စုကြီးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လက်ရှိရရှိထားသည့် အေးချမ်းတည်ငြိမ်မှုကို မပျောက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားပါက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းသွားနိုင်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုဘဝဖွံ့ဖြိုးကောင်းမွန်စေရေး၊ နိုင်ငံတစ်ဝန်းလုံးငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဝမ်ဟိုင်းဒေသတွင် MPT အင်တာနက်လိုင်းများရရှိရေး၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများ၊ နယ်မြေကျော်လွန်ခြင်းကိစ္စတို့နှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က SSPP မှ တင်ပြသည့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၃)စဝ်ဆေပိုင်ဖက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ လူငယ်တွေ့ဆုံပွဲကျင်းပ

**မန္တလေး ဩဂုတ် ၇**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ အနော်ရထာခန်းမ၌ကျင်းပပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အလွှာအသီးသီးရှိ လူငယ်များက သိလိုသည်များ မေးမြန်းမှုအပေါ် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်များသည် နိုင်ငံ့တာဝန်ကိုထမ်းဆောင်ကြမည့် အနာဂတ်ကြယ်ပွင့်များ၊ လူ့အဖွဲ့အစည်းကို ခေါင်းဆောင်ကြမည့်သူများ၊ အနာဂတ်လူ့အဖွဲ့အစည်း၏ မျှော်လင့်ချက်များဖြစ်သည့်အတွက် ခေါင်းဆောင်ထိုက်သူ၊ ခေါင်းဆောင်အရည်အသွေးပြည့်ဝသူ၊ မျှော်လင့်ချက်များကို ဖော်ဆောင်နိုင်မည့် အရည်အသွေးစွမ်းအားများ ပြည့်ဝသူများဖြစ်ရန်လိုအပ်ကြောင်း၊ ယခုလိုတွေ့ဆုံပွဲများ၊ ဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းများမှလည်း အတွေ့အကြုံကောင်းများရနိုင်သည့်အတွက် နားထောင်ရုံသက်သက်မဟုတ်ဘဲ လက်တွေ့အသုံးချနိုင်သည်ထိ လေ့လာမှတ်သားကြရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံသည် လူငယ်ဦးရေ ၁၇ သန်းခန့်ရှိသည့်အတွက် စုစုပေါင်း လူဦးရေ၏ ၃၂ ဒသမ ၆၉ % ထိရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNPF) ရဲ့အဆိုအရ လူငယ်အင်အားစုအများဆုံးရှိသည့်ကာလကို နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးဆုံး အခွင့်အလမ်းကို ပိုင်ဆိုင်သည့်အတွက် လူဦးရေဆိုင်ရာဆုလာဘ်ကို ပိုင်ဆိုင်ထားသည်ဟုဆိုနိုင်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် မိမိတို့နိုင်ငံကို စွမ်းရည်ထက်မြက်ပြီး အားကောင်းသည့်နိုင်ငံဖြစ်အောင် စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး



ဦးစစ်နိုင်နှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာလူငယ်များ၊ ပြည်ခိုင်ဖြိုးလူငယ်များ၊ ပရဟိတလူငယ်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများ၏မေးမြန်းမှုများ ဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ ပထမဆုံးအနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ထိုင်းနိုင်ငံခရီးစဉ်မှာ အဓိက ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေက ဘာတွေဖြစ်မယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ နိုင်ငံတော်သမ္မတကြီးရဲ့ ထိုင်းခရီးစဉ်မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ခဲ့ပါတယ်။ ယာယီအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့လည်း တွေ့ခဲ့ပါတယ်။ စီးပွားရေးဖိုရမ် တက်ရောက်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့လည်း သီးသန့်တွေ့ဆုံခဲ့ပါတယ်။ ဒါကတွေ့ဆုံတဲ့ သူတွေပါ။ နိုင်ငံတော်သမ္မတကြီးနဲ့ ထိုင်းဝန်ကြီးချုပ်တို့ တွေ့ဆုံတဲ့အချိန်မှာ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှုနဲ့ယုံကြည်မှုကို မြှင့်တင်ဖို့ကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခါ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဒေသ ကုန်သွယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး ကိစ္စတွေ ဒါတွေကိုလည်း သေချာဆွေးနွေးခဲ့ပါတယ်။ နယ်စပ်ဒေသမှာဖြစ်ပေါ်နေတဲ့ အွန်လိုင်းလောင်းကစားကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ၊ လူကုန်ကူးတာတွေ၊ နယ်စပ်ဖြတ်ကျော်မှုခင်းတွေ ဒီကိစ္စတွေကို ပူးပေါင်းပြီး အမြစ်ပြတ်အောင်တိုက်ဖျက်ဖို့ ကိစ္စတွေကို နှစ်ဖက်စလုံးက အလေးထားပြီးတော့ ဆွေးနွေးခဲ့ပါတယ်။

သမ္မတကြီး အလေးထားဆွေးနွေးခဲ့တာက Myanmar Migrant Worker တွေ ကိစ္စပါ။ ကျွန်မတို့နိုင်ငံက Migrant Worker လေးသန်းလောက် ရှိတယ်လို့ ဆိုပါတယ်၊ Migrant Worker တွေ တရားဝင်ရပ်တည်ခွင့်၊ သူတို့အတွက် လူမှုဘဝလုံခြုံစိတ်ချရမှုကိုလည်း အလေးထားပြီး ကူညီစောင့်ရှောက်ပေးဖို့၊ ဥပဒေဘောင်အတွင်းကနေ ရသင့်ရထိုက်တဲ့ အခွင့်အလမ်းတွေရဖို့အတွက် နိုင်ငံတော်သမ္မတကြီးက လွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံရာမှာ၊ ဝန်ကြီးချုပ်နဲ့ တွေ့ဆုံရာမှာ အလေးထားပြီး ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံနဲ့ အာဆီယံဆက်ဆံရေးအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိနိုင်တယ်ဆိုတာလည်း သိပါရစေ။**

**ဖြေ။** ။ ထိုင်းနိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်တဲ့နေရာမှာ ဝန်ကြီးချုပ်နဲ့တွေ့တယ်။ တွေ့တဲ့နေရာမှာ နှစ်နိုင်ငံကိစ္စတွေ ဆွေးနွေးပါတယ်။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံဟာ နယ်နိမိတ်အားဖြင့် ကီလိုမီတာ ၂၄၀၀ ကျော် ထိစပ်နေပါတယ်။ တစ်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ကိစ္စတွေဟာ တစ်နိုင်ငံကို အကျိုးသက်ရောက်မှုရှိပါတယ်။ နှစ်နိုင်ငံကြားမှာ ဖြေရှင်းရမယ့် အခက်အခဲတွေ၊ ပြဿနာတွေ ဒါတွေအားလုံးကို ပူးပေါင်းဖြေရှင်းမယ်ဆိုရင် ဒေသတွင်းမှာရှိတဲ့ အာဆီယံနိုင်ငံတွေကိုပါ အကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့်မို့ ဒီခရီးစဉ်ဟာ ထိုင်းနဲ့ မြန်မာ နှစ်နိုင်ငံကြား ကိစ္စသာမဟုတ်ဘဲ အာဆီယံအတွက်ကိုလည်း အကျိုးသက်ရောက်မှုရှိတဲ့ ခရီးစဉ်လို့ ပြောလို့ရပါတယ်။

**မေး။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေအတွက် ဘယ်လိုမျှော်လင့်ချက်တွေရှိလာနိုင်မလဲဆိုတာ သိပါရစေ။**



**ဖြေ။** ။ ခုနက ကျွန်မပြောခဲ့သလို ထိုင်းမှာ မြန်မာလုပ်သား လေးသန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ဝန်ကြီးချုပ်နဲ့ တွေ့တဲ့နေရာမှာ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့တဲ့နေရာမှာ မြန်မာနိုင်ငံက Migrant Worker တွေ ထိုင်းနိုင်ငံမှာ တရားဝင် ရပ်တည်ခွင့်ရဖို့အတွက် အစိုးရချင်း ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ပါတယ်။ နောက်တစ်ခုက အလုပ်သမားတွေကို ဥပဒေဘောင်အတွင်းကနေ တရားဝင်စောင့်ရှောက်ပေးဖို့အတွက် မေတ္တာရပ်ခံခဲ့တာကို ကျွန်မတို့ကြားခဲ့ရပါတယ်။

နောက်တစ်ခုက ထိုင်းမှာရောက်နေတဲ့ ကျွန်မတို့နိုင်ငံသားတွေ၊ သူတို့နဲ့ပတ်သက်ပြီး အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ အလုပ်သမားခန့်ထားရေးကိစ္စကိုလည်း MoU နှစ်ခု ထိုးခဲ့ပါတယ်။

**မေး။ ။ အာဆီယံအသိုက်အဝန်းအတွက် မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်မှုက ဘယ်လို အထောက်အကူဖြစ်စေပါသလဲရှင့်။**

**ဖြေ။** ။ တကယ်တော့ ဒီခရီးစဉ်က အာဆီယံအဖွဲ့ဝင် နိုင်ငံအနေနဲ့ အပြုသဘောဆောင်တဲ့ထိတွေ့ဆက်ဆံမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်လိုကြောင်းပြတဲ့ ခရီးစဉ်ပါ။ အာဆီယံထဲက လာအိုနိုင်ငံကို ပထမဆုံးအကြိမ်သွားရောက်ခဲ့တယ်။ အာဆီယံနိုင်ငံထဲမှာ ထိုင်းကတော့ ဒုတိယအကြိမ်ပါ။ နောက်ပိုင်းမှာလည်း အာဆီယံထဲက နိုင်ငံတွေကို သွားဖို့ အစီအစဉ်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ In touch ဖြစ်ချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ချင်ပါတယ်၊ နဂိုအတိုင်းပဲ ပူးပေါင်းဆောင်ရွက်ချင်ပါတယ်ဆိုတာကို ပြသတဲ့ ခရီးစဉ်ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံရဲ့ လက်ရှိအခြေအနေကို ဒေသတွင်းနိုင်ငံတွေက ပိုမိုနားလည်လာဖို့၊ အပြန်အလှန် ယုံကြည်လာဖို့ကို ပြသနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

ထိုင်းနိုင်ငံက မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ရှည်လျားစွာ ဆက်စပ်နေတယ်။ မြေပြင်၊ ရေပြင် ဆက်စပ်နေတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံရဲ့ အခက်အခဲတွေ၊ ကြုံတွေ့နေရတဲ့၊ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ထိုင်းနိုင်ငံက သိပါတယ်။ စိန်ခေါ်မှုတွေကို နားလည်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ ကျွန်မတို့နိုင်ငံကို အာဆီယံအတွင်းမှာ နဂိုပုံမှန်အတိုင်း ပါဝင်ဖို့၊ လှုပ်ရှားဖို့အတွက်ကိုလည်း အပြည့်အဝထောက်ခံသွားမယ်၊ ကူညီသွားမယ်လို့ ဆိုပါတယ်။ ဒီခရီးစဉ်တွေဟာ အာဆီယံမှာ ပုံမှန်အတိုင်း ပြန်ပြီးပါဝင်လာဖို့၊ အာဆီယံအသိုက်အဝန်း တည်ဆောက်နိုင်ဖို့အတွက် အများကြီးအထောက်အကူပြုတဲ့ ခရီးစဉ်လို့ ဆိုနိုင်ပါတယ်။

**မေး။ ။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကိစ္စ၊ မြစ်ရေညစ်ညမ်းမှုကိစ္စတွေကို ဆွေးနွေးခဲ့တယ်လို့ သိရှိရတဲ့အတွက် ဆွေးနွေးခဲ့မှု အခြေအနေကို သိပါရစေ။**

**ဖြေ။** ။ အစည်းအဝေးမှာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကိစ္စကို ဆွေးနွေးခဲ့တယ်။ နောက်တစ်ခုက မြစ်ရေထဲမှာ Arsenic ပါဝင်မှု အချိုးအစား မြင့်တယ်၊ ထိုင်းပြည်သူတွေက စိုးရိမ်ပူပန်နေတယ်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး သမ္မတကြီးနဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတာက အခုမှ မဟုတ်ပါဘူး။ ၂၀၂၅ ခုနှစ်ကတည်းက နှစ်နိုင်ငံပူးပေါင်းပြီး ဆောင်ရွက်နေတာပါ။ ရှမ်းပြည်နယ်အရှေ့ပိုင်းက နမ့်ခုတ်မြစ်၊ အဲဒီမြစ်က ကျွန်မတို့နိုင်ငံကနေ ထိုင်းနိုင်ငံကို စီးဝင်သွားတာဖြစ်ပါတယ်။ ဒီမြစ်ထဲမှာ Arsenic ပါဝင်မှုသည် ထိုင်းက သတ်မှတ်ထားတဲ့ သောက်ရေထဲမှာ ပါဝင်ရမယ့် သတ်မှတ်ချက်နှုန်းထက်မြင့်နေတယ်။ WHO က သတ်မှတ်တဲ့နှုန်းထက် မြင့်နေတယ်၊ အဲဒါကို ထိုင်းပြည်သူတွေက စိုးရိမ်တယ်ဆိုပြီး သတင်းတွေထဲမှာ တွေ့ရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ၂၀၂၅ ခုနှစ်ကတည်းကစပြီး နမ့်ခုတ်မြစ်ထဲမှာ ကျွန်မတို့ တိုင်းတာမှုတွေ ဆောင်ရွက်ခဲ့တယ်။ ၂၀၂၅ ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လကလွဲလို့ ကျန်တဲ့လတွေ အကုန်လုံးသည် WHO ရဲ့ သတ်မှတ်ချက်ရော၊ ထိုင်းနိုင်ငံရဲ့ သတ်မှတ်ချက် 0.01 mg per liter အောက်မှာပဲ ရှိနေတာကို တွေ့ရပါတယ်။ ဇူလိုင်လနဲ့ ဩဂုတ်လမှာတော့ WHO ရဲ့ သတ်မှတ်ချက်ထက် အနည်းငယ်မြင့်နေတာကို တွေ့ရပါတယ်။ သို့သော်လည်း ကျွန်မတို့နိုင်ငံရဲ့ သတ်မှတ်ချက်က 0.05 ဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံရဲ့ သတ်မှတ်ချက်ထက် မကျော်တာကို တွေ့ရပါတယ်။

ဒီကိစ္စကို ကျွန်မတို့ အလေးထားပြီး ဆွေးနွေးခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး နယ်စပ်ဖြတ်ကျော် ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ လုပ်ငန်းလမ်းညွှန်၊ ဒါနဲ့ပတ်သက်ပြီး ကျွန်မတို့ဆီက ဝန်ကြီးဌာနနဲ့ ထိုင်းက ဝန်ကြီးဌာနနဲ့ ပူးတွဲပြီးတော့ MoU ထိုးခဲ့ပါတယ်။

**မေး။ ။ မြန်မာ-ထိုင်း နှစ်နိုင်ငံ စီးပွားရေးဖိုရမ် ကျင်းပမှုကနေ နှစ်နိုင်ငံအတွက် ဘယ်လို အကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲ။**

**ဖြေ။** ။ ထိုင်းမှာ မြန်မာ-ထိုင်းစီးပွားရေးဖိုရမ် ၂၀၂၆ ဆိုပြီး ဖိုရမ်ကြီး ကျင်းပခဲ့ပါတယ်။ ဒီဖိုရမ်မှာ ကျွန်မတို့ မြန်မာနိုင်ငံက နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံက ဝန်ကြီးချုပ်လည်း တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာ မြန်မာနဲ့ ထိုင်း စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ၇၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ ကျွန်မတို့နိုင်ငံမှာ ထိုင်းအနေနဲ့ ကုန်သွယ်မှုမြှင့်တင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ဖို့အတွက် ဘယ်လိုအခွင့်အလမ်းတွေရှိတယ်၊ ဘယ်နယ်ပယ်တွေမှာ လာရောက်ရင်းနှီး မြှုပ်နှံနိုင်တယ်၊ ကျွန်မတို့ မြန်မာနိုင်ငံဘက်က ဘာတွေ ဆောင်ရွက်ပေးမယ် ဆိုတာတွေကို သမ္မတကြီးကိုယ်တိုင် ရှင်းပြခဲ့ပါတယ်။

ထိုင်းဝန်ကြီးချုပ်ကလည်း လက်ရှိကုန်သွယ်မှုပမာဏကနေ ၁၂ ဘီလီယံအထိ တိုးမြှင့်သွားအောင် ဆောင်ရွက်သွားမယ်ဆိုပြီးတော့ အခမ်းအနားမှာ ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီဖိုရမ်မှာ အစိုးရနှစ်ဖက်ပါပါတယ်၊ ပြီးတော့စီးပွားရေးလုပ်ငန်းရှင်တွေ ပါပါတယ်၊ Government Sector ၊ Private Sector ပေါင်းစပ်ပေးတဲ့၊ ထိတွေ့ပေးတဲ့ ပလက်ဖောင်းတစ်ခုလို့လည်း ဆိုလို့ရပါတယ်။ ဒ့ါအပြင် နှစ်ဖက်အစိုးရရဲ့ မူတွေ၊ လိုလားချက်တွေကို Private Sector က သိရှိနားလည်ပြီးတော့ ဘယ်လိုပါဝင်ပြီး ဆောင်ရွက်နိုင်မလဲဆိုတဲ့ အနေအထားတစ်ခုကို ဒီကနေအကျိုးကျေးဇူးရရှိခဲ့ပါတယ်။

ဆွေးနွေးခဲ့တဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် မြန်မာ-ထိုင်း နှစ်နိုင်ငံသာမကပါဘူး။ အာဆီယံဒေသတွင်းရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အများကြီး အထောက်အကူပြုမှာဖြစ်ပါတယ်။

**မေး။ ။ ထိုင်းအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံဖို့ နိုင်ငံတော်သမ္မတကြီး ထိုင်းလွှတ်တော်ကို ရောက်လာတဲ့အချိန်မှာ ထိုင်းလွှတ်တော် အမတ်တစ်ဦးက ဆန္ဒပြမှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘာများ ပြောချင်ပါသလဲ။**

**ဖြေ။** ။ ထိုင်းအမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ တွေ့ဖို့အတွက် သွားပါတယ်။ အဲဒီအချိန်မှာ အဲဒါကို မသိလိုက်ပါဘူး။ ကျွန်မလည်း ပါပါတယ်၊ ဒါပေမဲ့ သတင်းတွေ လိုင်းပေါ်မှာ တက်လာတာ တွေ့ရပါတယ်။ နောက်မှ ပြန်ကြည့်လိုက်တော့ ထိုင်းက လွှတ်တော်အမတ်တစ်ယောက် လွှတ်တော်အပြင်ဘက်မှာပါ၊ အထဲမှာမဟုတ်ပါဘူး၊ ဆန္ဒပြသွားတယ်ဆိုတဲ့ ပုံစံလေးကို ဗီဒီယိုထဲမှာ တွေ့လိုက်ရပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပြောရရင် ထိုင်းနိုင်ငံက ဒီမိုကရေစီနိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို အပြည့်အဝကျင့်သုံးတဲ့၊ လိုက်နာတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကလည်း လွှတ်တော်အမတ်တွေ၊ ပြည်သူပြည်သားတွေ အားလုံးသည် သူတို့ရဲ့ ဆန္ဒတွေကို လွတ်လပ်စွာ ဖော်ထုတ်ပိုင်ခွင့်ရှိပါတယ်။ ကျွန်မလည်း ဒီဗီဒီယိုလေးကြည့်လိုက်ရပါတယ်။ ဒီဟာက သူ့ရဲ့ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်တယ်လို့ပဲ မှတ်ယူပါတယ်။ အဲဒီမှာ တွေ့လည်း တွေ့ကြမှာပါ။ ကြိုနေတဲ့သူတွေ အများကြီးပါ။ ဆန္ဒပြတဲ့သူက တစ်ယောက်တည်းသာဖြစ်ပါတယ်။ အများက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုနေကြသလို မနှစ်သက်တဲ့သူကလည်း သူ့ရဲ့သဘောဆန္ဒကို ဖော်ထုတ်တယ်လို့ပဲ မှတ်ယူပါတယ်။

**သတင်းအဖွဲ့**

◆ **နေရာကွက်၍ မိုးကြီးနိုင်မှု**

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

# ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ရောက်ရှိ



**စစ်တွေ ဩဂုတ် ၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အမ်ဗွီတော်ဝင်သီရိသင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၄၇၈ ဒသမ ၃၄ တန်၊ အမ်ဗွီရဲထွန်းအောင်(၂)သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၈၆၁ ဒသမ ၅၇တန်၊ အမ်ဗွီ ရွှေပိုင်ဖြိုးသင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၁၂၃၁ ဒသမ ၇ တန်၊ အမ်ဗွီအောင်ရတနာ‌ငွေ့သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၁၁၄၉ ဒသမ ၃၅ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ အမ်ဗွီရဲထွန်းအောင်(၂)သင်္ဘော၊ အမ်ဗွီတော်ဝင်သီရိသင်္ဘောနှင့် အမ်ဗွီ အောင်ရတနာ‌ငွေ့သင်္ဘောတို့ပေါ်မှ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောပေါ်မှ စားသောက်ကုန်ပစ္စည်းများ အတင်အချပြုလုပ်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ လိုအပ်မှုမရှိသောနေရာများသို့ မရောက်ရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ထို့ပြင် ကုလားတန်မြစ်ကြောင်းတွင် သောင်တူးသင်္ဘောဖြင့် သောင်တူးဖော်ကာ တူးဖော်ရရှိသော သဲနုန်းများကိုစုပုံရန်စီစဉ် ဆောင်ရွက်နေမှုနှင့် စစ်တွေတိုင်းရင်းဆေးရုံ၌ ပြင်ပလူနာခန်း၊ ဆေးသိုလှောင်ခန်း၊ ပဉ္စကမ္မကုထုံးခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ သွားရောက်ကြမည့် ရခိုင်ပြည်နယ်မှ လူငယ်ကိုယ်စားလှယ်များကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း(ပြန်/ဆက်)

# ခိုလမ်မြို့ မက်မွန်လောင်းကျေးရွာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ မက်မွန်လောင်းကျေးရွာရှိ မက်မွန်လောင်းကမ္မဋ္ဌာန်းကျောင်းတိုက်၌ အခြေပြု၍ ကျေးရွာရှိ သံဃာတော် ၁၄ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် နှစ်ပါး၊ ဒေသခံတိုင်းရင်းသား ၁၈၉ ဦးတို့ကို နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ မျက်စိရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံတိုင်းရင်းသားများကို ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆေးရုံ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရွှေဘိုမြို့ရှိ ကိုးပင်ရေလှောင်တမံ ရေပိုလွှဲမြေထိန်းနံရံ ကျိုးပေါက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၇**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မြောက်ဘက် ရှစ်မိုင်ခန့်အကွာရှိ ကိုးပင်ရေလှောင်တမံ၏ ရေပိုလွှဲမြေထိန်းနံရံများအတွင်းရှိ မြေများကို ရေလှိုက်စားကာ မြေထိန်းနံရံ ကျိုးပေါက်ပြီး ရေကြီးရေလျှံမှုမရှိစေရေးအတွက် ဩဂုတ် ၆ ရက် နေ့လယ်ပိုင်းမှ စတင်၍ ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များဖြင့် မြေထိန်းနံရံအတွင်းသို့ အားဖြည့်သဲအိတ်များနှင့် မြေစာအိတ်များ ဖြည့်တင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များက ကိုးပင်ရေလှောင်တမံ၏ မြေထိန်းနံရံအတွင်းသို့ အားဖြည့်သဲအိတ်များနှင့် မြေစာအိတ်များ ဖြည့်တင်းရေးလုပ်ငန်း ဆောင်ရွက်ပေးစဉ်။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာ

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို အခမ်းအနားဖြင့်လက်ခံမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာထားပြီးဖြစ်သည်။ ယခုအခါ အဆိုပါအလှူငွေနှင့် အလှူပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်များ**

(၁) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ

(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃) နေပြည်တော် ဖုန်း(၀၆၇၂၀၂၁၄၉၁၊ ၀၆၇၃၅၄၁၇၀၀၁၁၊ ၀၉၄၃၀၅၄၈၄၄၊ ၀၉၄၂၀၇၀၃၆၄၇)

(၃) ဗဟိုသိုလှောင်ရုံ(ရန်ကုန်) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ရန်ကုန်မြို့ ဖုန်း(၀၆၇၃၅၀၁၂၃၈၈၅၊ ၀၉၄၂၀၇၄၀၁၆၀)

(၄) ဗဟိုသိုလှောင်ရုံ(မန္တလေး) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား ပြည်ကြီးမျက်ရှင်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း(၀၉၄၂၀၇၀၈၂၇၊ ၀၆၇၃၅၆၀၆၁၁၉၆)



# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ





အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်က ပေးအပ်လာသည့်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် လူငယ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းတွင် သင်ယူထားသောသမိုင်း၊ ယဉ်ကျေးမှု အမွေအနှစ်များကို စာတွေ့အပြင် လက်တွေ့နယ်ပယ်တွင် လက်တွေ့သိမြင် နားလည်တန်ဖိုးထားတတ်စေရန်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တွင် နိုင်ငံနှင့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အစဉ်အလာများနှင့် လက်တွေ့ဆောင်ရွက်ချက်များကို သိရှိနားလည်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဇေယျာသီရိ)နှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(အောင်ဇေယျ)တို့မှ ကျောင်းသား၊ကျောင်းသူများ၊ အုပ်ချုပ်သူဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း) ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ) ပြကွက်များရှိခင်းကျင်းပြသထားမှုများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်-

“ကျွန်မကတော့ နေပြည်တော် ဇေယျသီရိမြို့နယ် အထက(ခွဲ) အောင်ဇေယျကျောင်း G-12 မှာ ပညာသင်ကြားနေတဲ့ မရွှန်းလဲ့ဝေဖြစ်ပါတယ်ရှင်။ ဆရာမတွေက နေပြည်တော်မှာရှိတဲ့ စစ်သမိုင်းပြတိုက်ကိုလိုက်ပို့မယ်။ ဗဟုသုတတွေလဲ ရမယ်လို့ပြောပါတယ်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)နဲ့သက်ဆိုင်တဲ့ သမိုင်းကြောင်းတွေလဲ သိရမယ်ပြောလို့ ရင်ခုန်စွာနဲ့ရောက်ရှိလာတာပါ။ ကျွန်မတို့ တပ်မတော်(ရေ)ပြင်ပပြကွက်မှာ ခင်းကျင်းပြသထားတဲ့ ရေမြှုပ်ဗုံးတွေ၊ သင်္ဘောတွေ၊ တော်ပီဒိုလက်နက်တွေကို လေ့လာကြည့်ရှုခဲ့ရပါတယ်။ နောက်ပြီး ပြတိုက်အတွင်းမှာရှိတဲ့ ပြခန်း၊ ပြကွက်တွေကို လိုက်လံကြည့်ရှုလေ့လာခဲ့ပါတယ်။ သမိုင်းကြောင်းတွေဆိုတာ စာထဲမှာပဲသင်ခဲ့ရတာပါ။ အခုက အပြင်မှာတကယ့်ကိုလက်တွေ့မြင်ရတဲ့အတွက် ပျော်မိပါတယ်။ စာတွေ လုပ်နေရတဲ့အတွက် ပင်ပန်းတဲ့စိတ်တွေလဲ လျော့ပါးသွားပါတယ်။ အခုလိုမျိုး လေ့လာခွင့်ရအောင်စီစဉ်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကိုလဲ တကယ့်ကိုကျေးဇူးတင်ပါတယ်လို့ပြောချင်ပါတယ်။ နောက်ထပ်လဲ





အခြားအတန်းက ကျောင်းသားကျောင်းသူတွေလဲ လေ့လာချင်ကြမှာဖြစ်လို့ သူတို့လေးတွေကိုလဲ လိုက်ပို့ပေးစေချင်ပါတယ်ရှင်”ဟု ပြောသည်။

“ကျွန်မက G-11 နဲ့ G-12 မှာ အင်္ဂလိပ်စာသင်ကြားတဲ့ ဆရာမဒေါ်အေးမြင့်မော်ဖြစ်ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်မှာရှိတဲ့ စစ်လက်နက်ပစ္စည်းတွေ၊ စစ်သင်္ဘောကြီးတွေ၊ စစ်လေယာဉ်တွေကို သူတို့ လက်တွေ့မြင်တွေ့လေ့လာခွင့်ရတဲ့အတွက် ကလေးတွေ ပျော်ရွှင်ရပါတယ်ရှင်။ ကလေးတွေဆိုတာ နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ်တွေပါ။ ကျွန်မတို့ အားကိုးထိုက်တဲ့ ကလေးတွေက စစ်သမိုင်းပြတိုက်မှာခင်းကျင်းပြသထားတဲ့ ပစ္စည်းတွေကို လက်တွေ့မြင်ကြတဲ့အခါ သူတို့လေးတွေကြီးပြင်းလာတဲ့အခါ နိုင်ငံတော်အပေါ်မှာ ကာကွယ်ချင်တဲ့စိတ်တွေ၊ မျိုးချစ်စိတ်တွေရရှိမယ်လို့ ကျွန်မထင်ပါတယ်ရှင်။ လိုက်လံရှင်းလင်းပြသပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကိုလဲ ကျေးဇူးတင်ပါတယ်။ ကလေးတွေအခုလိုသွားရတာက သူတို့အတွက်လဲ ပထမဆုံးပါ။ သူတို့လဲ အရမ်းပျော်ကြပါတယ်။ ခင်းကျင်းပြသထားတဲ့ပစ္စည်းတွေကို သူတို့ကိုယ်တိုင်တွေ့မြင်ကြရတဲ့အတွက် စိတ်အားထက်သန်စွာလေ့လာကြပါတယ်။ အရင်က အပြင်မှာ လက်တွေ့မမြင်ဖူးတဲ့အတွက် သိပ်ပြီးတိတိကျကျမသိကြဘူး။ အခုကျ ဘယ်ပစ္စည်းက ဘယ်နှခုနှစ်က ဘယ်သူတွေကတည်ထွင်ခဲ့တာ၊ ဘယ်လိုအသုံးပြုရတာ စတာတွေကို သူတို့လေးတွေ သိရှိနားလည်ခွင့်ရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာရပါတယ်။ နိုင်ငံတော်အတွက်လဲ များစွာအကျိုးရှိမယ်လို့ ယုံကြည်ပါတယ်ရှင်”ဟု ပြောသည်။ (မြဝ)



■ **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ယနေ့ပွဲစဉ်များတွင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိမ်ရှင် ထိုင်းအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက ပထမပွဲငယ်တွင် ၁၅မှတ် ၁၂မှတ်အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ကိုးမှတ် ၁၅ မှတ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ပြီး တတိယအဆုံးအဖြတ်ပွဲစဉ်တွင် မြန်မာအသင်းက ၁၅မှတ် ၁၀မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့သည်။

ထို့နောက် အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲငယ်တွင် ခုနစ်မှတ် ၁၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၂ မှတ် ၁၅ မှတ် နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အမျိုးသား လေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင် မြန်မာအသင်းသည် ဂျပန်အသင်းနှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် ၁၂ မှတ် ၁၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅ မှတ် ၁၁ မှတ်နှင့် တတိယပွဲငယ်တွင် ၁၇ မှတ် ၁၅ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်ထိုင်းအသင်းကို ပထမပွဲငယ်တွင် ၁၅ မှတ် ၁၃ မှတ်၊ ဒုတိယပွဲငယ်တွင် ကိုးမှတ် ၁၅ မှတ်၊ တတိယပွဲငယ်တွင် ၁၅ မှတ် ၁၀ မှတ် သုံးပွဲပြတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းသည် ယနေ့ပွဲစဉ်များအပြီးတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် သုံးခု ဆွတ်ခူးထားကြောင်း သိရသည်။ **STA**

❖ **လေးမျက်နှာမြို့နယ်မှ**

စုစုပေါင်း မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာ ၁၃၀ တို့သို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၈၃ ရွာ၊ ဟင်္သာတမြို့နယ် ၃၃ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက်တစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာ၊ ကျုံပျော်မြို့နယ် လေးရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာ ၁၃၀ တို့ရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေး စခန်းများကို လေးမျက်နှာမြို့နယ်တွင် ၁၃ ခု၊ ဟင်္သာတမြို့နယ်တွင် လေးခု၊ ရေကြည်မြို့နယ်တွင် ခြောက်ခု၊ ကျုံပျော်မြို့တွင် တစ်ခု ဖွင့်လှစ်ကာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။


(မြဝ)

❑ **MPTမိုဘိုင်းရွှေ့လျားစခန်းမှ**

ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ရရှိပြီး ဒေသတွင်း ကယ်ဆယ်ရေးလုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရန် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်း (Satellite Terminal)ကို ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စု စာရေးကွင်းဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် တစ်စုံနှင့် သခွပ်ချောင်းကျေးရွာအုပ်စု၊ ဆိတ်နို့ကုန်းကျေးရွာ ရေဘေးကယ်ဆယ်ရေး စခန်းတွင် တစ်စုံ တပ်ဆင်ထားရှိသည်။

ထို့ပြင် ရွှေ့လျားမိုဘိုင်းစခန်း Cell on Wheel(COW)ကို စာရေးကွင်းကျေးရွာတွင် တပ်ဆင်ထားပြီး MPT သုံးစွဲသူများအနေဖြင့် ဖုန်းခေါ်ဆိုမှုများနှင့် မိုဘိုင်းအင်တာနက်အသုံးပြုမှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၁၅၆ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




ကျိုင်းတုံမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၁၆၅ ဦးကို လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်
ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။



ကျိုင်းတုံမြို့ ကတ်ဖကျေးရွာအုပ်စု နောင်လေကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၅၀ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ကျိုင်းတုံမြို့ ကတ်ဖကျေးရွာအုပ်စု နောင်လေကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၄၀ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ကျိုင်းတုံမြို့ ကတ်ဖကျေးရွာအုပ်စု နောင်လေကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသမီး နှစ်ဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။







ကျိုင်းတုံမြို့ ကတ်ဖကျေးရွာအုပ်စု နောင်လေကျေးရွာအနီး၌ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် UPS များ၊ All in One ကွန်ပျူတာများ၊ ဖုန်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည်အခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေ ဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၇ နာရီခန့်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ဖ ကျေးရွာအုပ်စု နောင်လေကျေးရွာ နောင်လေငါးကန် စားသောက်ဆိုင် အနီးရှိ ခြံဝင်းအတွင်း၌ အဆောက်အအုံ ခြောက်လုံးဆောက်လုပ်၍ တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားချက်အရ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၁၄၀၊ အမျိုးသမီး လေးဦး၊ လာအိုနိုင်ငံသား အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း အမျိုးသား ၁၄၈ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို ဖုန်းမျိုးစုံ ၆၅၈ လုံး၊ All in One ကွန်ပျူတာ ၁၃၄ လုံး၊ Laptop ၂၈ လုံး၊ WIFI ROUTER စက် သုံးလုံး၊ STAR LINK GAN-3 ၁၃ လုံး၊ CPU ၁၅ လုံး၊ UPS ငါးလုံး၊ မီးစက် (120 KV ) တစ်လုံး၊ မီးစက် (155KV) တစ်လုံး၊ ရေခဲသေတ္တာ တစ်လုံး၊ Freezar တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## သံလွင်မြစ်ရေ ဘားအံမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၇**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ကြာရနံ့သင်း စွန်ရဲအင်း

သက်နိုင်(ပြင်ဦးလွင်)

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးထူးချွန်ချွန်အောင်မြင်တဲ့ တပည့်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ အလည်အပတ်ခရီးအဖြစ် ရာဇီတို့ရွာကို ရောက်ရှိနေကြပါပြီ။ ရာဇီတို့ရွာဆိုတာ ပြင်ဦးလွင်မြို့နယ်အတွင်းက ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှာ ရှိနေပါတယ်။ အချိန်က မနက် ၁၀ နာရီလောက် ရာသီဥတုအခြေအနေက မိုးလဲမရွာ၊ နေလဲမပူ နေလို့ထိုင်လို့ကောင်း၊ လေ့လာလည်ပတ်ဖို့ကောင်းတဲ့ အနေအထားမျိုးပါ။

မိမိတို့ဆရာတပည့်တွေ ဒုဋ္ဌဝတီမြစ်ကမ်းအနီးက သင့်တော်တဲ့ နေရာတစ်ခုမှာ ကားကိုရပ်လိုက်တာနဲ့ ဒေသခံရွာသူရွာသားတွေ၊ ဈေးဆိုင်အသီးသီးကလူတွေ မိမိတို့အနားကို ဝိုင်းအုံချဉ်းကပ်လာကြတယ်။ ဟိုနေရာလေးမှာ ထိုင်ပါ၊ ဒီနေရာလေးမှာထိုင်ပါဆိုပြီး မြစ်ကမ်းဘေးမှာရှိနေတဲ့ မြေကွက်လပ်လွတ်တွေမှာ ဖျာတွေ၊ စားပွဲတွေကို အလုအယက်ခင်းပေးနေကြတယ်။ သေသေချာချာမေးမြန်းစုံစမ်းကြည့်တော့ သူတို့တွေ လာရောက်ခင်းပေး၊ ချထားပေးတဲ့ဖျာတွေ၊ စားပွဲတွေအတွက် အခကြေးငွေတစ်စုံတစ်ရာပေးစရာ မလိုပါဘူး။ နားနားနေနေထိုင်ရင်း၊ အပန်းဖြေရင်းနဲ့ စားချင်တာ၊ သောက်ချင်တာတွေကို မှာယူစားသောက်လို့ရနေပါတယ်။ တကယ်လို့ မိမိတို့မှာ စားစရာ၊ သောက်စရာတွေ အပြည့်အစုံပါရှိလာတာကြောင့် မှာယူစားသောက်ခြင်းမရှိရင်လဲ ဖျာတွေ၊ စားပွဲတွေမှာ ထိုင်လို့နားလို့ရပါတယ်။ မိမိကတော့ စားစရာတချို့ကို မှာယူထားလိုက်တယ်။

ရောက်ရှိလာကြပြီဖြစ်တဲ့ ရာဇီတို့ရွာ၊ ဒုဋ္ဌဝတီမြစ်ကမ်းကလှပပါတယ်။ တောတွေ၊ တောင်တွေ၊ မြစ်ရေပြင်ကျယ်ကြီးနဲ့ သာသာယာယာလဲရှိနေတယ်။ တောတောင်တွေက ညို့ညို့မှိုင်းမှိုင်း၊ မြစ်ရေပြင်က စိမ်းစိမ်းမြမြ၊ ပတ်ဝန်းကျင်က တိတ်တိတ်ဆိတ်ဆိတ်၊ ရာသီဥတုကကြည်ကြည်လင်လင်၊ စားစရာသောက်စရာ ဈေးဆိုင်တွေက အများအပြား၊ ဈေးနှုန်းတွေက သက်သက်သာသာနဲ့ အပန်းဖြေစရာကောင်းတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ မြစ်အတွင်းမှာ လှေအပျော်စီးကြမယ်ဆိုရင်လဲ လှေတွေက အဆင်သင့်ရှိနေပါတယ်။ အပန်းဖြေခရီးထွက်လာသူတွေအတွက် အားလုံးနီးပါး ကောင်းမွန်ပြည့်စုံနေတဲ့ နေရာတစ်ခုလို့ ပြောလို့ရပါတယ်။ နောက်ထပ်တစ်ခုကတော့ မိမိတို့လို ပြင်ဦးလွင်၊ မန္တလေး၊ ကျောက်ဆည် စတဲ့မြို့တွေက တစ်နေ့တာခရီးနဲ့ အေးအေးဆေးဆေး သွားလာလည်ပတ်နိုင်ပါတယ်။

ဒါပေမဲ့ ရာဇီတို့ရွာ၊ ဒုဋ္ဌဝတီမြစ်ကမ်းမှာ ပျော်ပျော်ပါးပါး ရေချိုး၊ ရေကစားကြဖို့အတွက် အဆင်မပြေပါဘူး။ အခုရောက်ရှိနေတဲ့ ဒုဋ္ဌဝတီမြစ်က ရေစီးသန်ပြီး နက်လဲနက်နေပါတယ်။ သာမန်ရေချိုး၊ ရေကစားကြဖို့အတွက် ရေတိမ်နေရာက အလွန်ကျဉ်းမြောင်းပြီး သေးငယ်နေတယ်။ ဒီနေရာကျဉ်းကျဉ်းလေးမှာ ရေကစားကြဖို့ အဆင်မပြေပါဘူး။ ရေကူးကျွမ်းကျင်သူတွေအတွက် အန္တရာယ်မရှိနိုင်ပေမဲ့ ရေမကူးတတ်တဲ့သူတွေ၊ ရေကူးမကျွမ်းကျင်တဲ့သူတွေ၊ ကလေးငယ်တွေအတွက် အန္တရာယ်ရှိနေပါတယ်။ ဒါကြောင့် မိမိရဲ့တပည့်တွေကို ရေထဲမဆင်းကြဖို့နဲ့ ဆင်းမယ်ဆိုရင်လဲ အတိမ်ဆုံးနေရာကို ရွေးချယ်ပြီး ခြေဆေး၊ လက်ဆေးလောက်သာလုပ်ကြဖို့ ပြောဆိုနေရသလို သူတို့တစ်တွေ ပျော်ပျော်ရွှင်ရွှင်အေးအေးချမ်းချမ်းနဲ့ အန္တရာယ်ကင်းကင်း ရေကစားနိုင်ဖို့အတွက် နောက်ထပ်နေရာသစ်တစ်ခုကို ထပ်မံရွေးချယ်စဉ်းစားနေရတယ်။

ဒီလိုစဉ်းစားလိုက်ရင်းနဲ့ လှေအပျော်စီးချင်သူတွေလဲ စီးလို့ရအောင် စွန်ရဲအင်းကိုသွားမယ်၊ ပျော်ပျော်ရွှင်ရွှင် ရေကစားနိုင်အောင် ဆင်ခေါင်းတောင်ကိုသွားမယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ပြီးတာနဲ့ တပည့်တွေအားလုံး ပစ္စည်းတွေသိမ်း၊ အဆင်သင့်ဖြစ်တာနဲ့ ရာဇီတို့ရွာ၊ ဒုဋ္ဌဝတီမြစ်ကမ်းခြေကနေ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ စွန်ရဲအင်းက ပြင်ဦးလွင်-ကျောက်ဆည် ဖြတ်လမ်းပေါ်မှာရှိနေတာဖြစ်သလို ဆင်ခေါင်းတောင်ကလဲ ကျောက်ဆည်မြို့အကျော်၊ မြစ်သားမြို့နယ်အတွင်းမှာရှိနေတာကြောင့် ခရီးလမ်းကြောလဲသင့်နေတယ်။ ဒ့ါပြင် ဒီအချိန် ဒီကာလအတွင်း စွန်ရဲအင်းထဲမှာ ကြာနီတွေမြိုင်မြိုင်ဆိုင်ဆိုင်ပွင့်နေတဲ့ ရာသီဖြစ်နေတဲ့အတွက်လဲ တပည့်တွေ ကြိုက်နှစ်သက်ကြမှာပါ။



လေ့လာလည်ပတ်သူများနှင့် စွန်ရဲအင်းကို တွေ့ရစဉ်။

ရာဇီတို့ရွာကနေထွက်လာပြီး မကြာခင်မှာ တပည့်တွေက မိမိမောင်းနှင်လာတဲ့ စူပါကာစတန်ကားလေးကို အမိုးဖွင့်လို့ရရင်ဖွင့်ပေးပါ။ သူတို့တွေအားလုံး အမိုးပေါက်ကနေ မတ်တတ်ရပ်ချင်တယ်ဆိုတာကြောင့် မှန်အမိုးပေါက်ကို ဖွင့်ပေးလိုက်ရတယ်။ မိုးလဲမရွာ၊ နေလဲမပူ ရာသီဥတုက ကောင်းမွန်နေပြီး လမ်းတစ်လျှောက်မှာရှိနေတဲ့ ရှုခင်းတွေ၊ မြင်ကွင်းတွေအားလုံးကို ထင်ထင်ရှားရှား မြင်တွေ့နေကြရတာကြောင့် တပည့်တွေအားလုံး ပျော်ရွှင်နေကြတယ်။ ကားထဲမှာ ငြိမ်ငြိမ်ဆိမ်ဆိမ်ထိုင်ပြီး လိုက်ပါလာကြရတာထက် အခုလို လွတ်လပ်ပျော်ရွှင်စွာ လိုက်ပါလာရတာကို ပိုပြီးနှစ်သက်ကြပါတယ်။

ကားကို ရဲရွာရေအားလျှပ်စစ်စီမံကိန်းလမ်းအတိုင်း ပြန်လည်မောင်းနှင်လာရင်းနဲ့ ဒီးဒုတ်ရေပြောအိုင်ကို ကျော်လွန်လာခဲ့ပြီး ခိုနန်းရှင်လိုဏ်ဂူတော်အနီးကိုရောက်တဲ့အခါ ဝင်ကြအုံးမလားဆိုပြီး မေးမြန်းလိုက်တယ်။ ဒါပေမဲ့ လိုဏ်ဂူတော်ပေါ်ထိ ပင်ပင်ပန်းပန်းတက်ရောက်ကြရမှာဖြစ်တာကြောင့် တပည့်တွေအားလုံးက မဝင်တော့ဘူးလို့ ငြင်းဆန်ကြတော့တယ်။ တကယ်တော့ ဒီခရီးစဉ်မှာ ခိုနန်းရှင်လိုဏ်ဂူတော်ကို ဝင်ရောက်ကြဖို့ ထည့်သွင်းထားပြီးသားပါ။ လေ့လာလည်ပတ်ပျော်ပါးကြရတာ အဆင်မပြေတာကြောင့် ရာဇီတို့ရွာကနေ နောက်ထပ်နေရာတစ်ခုကို ပြောင်းရွှေ့လိုက်ရလို့လဲ တပည့်တွေရဲ့ စိတ်တွေက ပြောင်းလဲသွားကုန်ကြတော့တယ်။ သူတို့တွေက ပျော်ရွှင်စရာကောင်းတဲ့ နေရာတစ်ခုကို မြန်မြန်ရောက်ချင်နေကြပါပြီ။ ခိုနန်းရှင်ကနေ ခုနစ်မိုင်၊ ခြောက်မိုင်၊ ငါးမိုင်၊ လေးမိုင်၊ သုံးမိုင်ခွဲ၊ သုံးမိုင် စတဲ့ ရေကစားစခန်းတွေကို အဆင့်ဆင့်ကျော်လွန်လာခဲ့ပြီး မန္တလေး-ပြင်ဦးလွင်ကားလမ်း ၁၆ မိုင်ပေါ်ကို ပြန်လည်ရောက်ရှိလာခဲ့ကြတယ်။ ဒီလမ်းကနေ တစ်ဆင့် ရွှေစာရံလမ်းခွဲရှိတဲ့နေရာထိ ဆက်လက်မောင်းနှင်သွားရောက်ကြရမှာပါ။

မန္တလေး-ပြင်ဦးလွင်ကားလမ်း ၁၆ မိုင်နေရာကနေ ရွှေစာရံလမ်းခွဲထိ ခရီးမိုင် ဝေးကွာခြင်းမရှိတာကြောင့် မကြာခင်မှာ ရွှေစာရံလမ်းခွဲကို ရောက်လာခဲ့ကြပြန်တယ်။ ဒီလမ်းခွဲကို ရောက်ရှိလာတဲ့အချိန်မှာ မနက် ၁၁ နာရီလောက်သာရှိနေသေးလို့ လမ်းဘေးတစ်လျှောက်မှာ ဈေးသည်တွေ၊ ဈေးဝယ်တွေနဲ့ စည်ကားနေဆဲဖြစ်နေသေးတာကို တွေ့မြင်နေရတယ်။ ရွှေစာရံလမ်းခွဲပေါ်မှာ တည်ခင်းရောင်းချနေကြတာက အုန်းချောဈေးတန်းပါ။ အရင်ကတည်းက စည်စည်ကားကားဖြစ်နေတဲ့ အုန်းချောရွာက အခုဈေးတန်းကြောင့် ပိုမိုစည်ကားနေတယ်။ ဈေးတန်းကို ကျော်လွန်လာတဲ့အခါ လမ်းကအနည်းငယ်ရှင်းသွားတယ်။

မကြာခင်မှာ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ ရွှေစာရံဂေါက်ကွင်းအဝင်လမ်းတွေကို ဖြတ်သန်းမောင်းနှင်လာရင်း လမ်းဆုံတစ်ခုကို ရောက်လာခဲ့ကြတယ်။ လမ်းဆုံမှာ ညာဘက်လမ်းအတိုင်း မောင်းသွားရင် ရွှေစာရံဘုရားကို ရောက်ရှိသွားမှာပါ။ မိမိတို့က စွန်ရဲအင်းကို သွားမှာဖြစ်တဲ့အတွက် ဘယ်ကိုမှမချိုးမကွေ့တော့ဘဲ ရှေ့ဆက်ပြီး တည့်တည့်မတ်မတ်မောင်းလာခဲ့ရတယ်။ ရွှေစာရံ- ကျောက်ဆည်ဖြတ်လမ်းက မိုင် ၂၀ ရှည်လျားပါတယ်။ လမ်းဆုံကနေ ဒုဋ္ဌဝတီမြစ်ကူးတံတားကို ကျော်ဖြတ်ပြီးတာနဲ့ စဉ့်ကိုင်မြို့နယ်အတွင်းကို ဝင်ရောက်လာသလို လမ်းက ပိုကျယ်၊ ပိုကောင်း၊ ပိုရှင်းလာတယ်။ မကြာသေးခင်ကမှ ဖွင့်လှစ်ထားတဲ့ ကွန်ကရစ်လမ်းသစ်ကြီးပါ။ မြန်မာနိုင်ငံမှာ ဒီလိုတိုတောင်းပြီး ကောင်းမွန်တဲ့ဖြတ်လမ်းတွေ အများအပြားဖောက်လုပ်နိုင်မယ်ဆိုရင် ခရီးတွေ သွားလာကြတဲ့အခါ အချိန်ကုန်၊ ငွေကုန်သက်သာလာကြမှာဖြစ်ပါတယ်။

အခုမောင်းနေတဲ့လမ်းက မကြာသေးခင်ကမှ ဖွင့်လှစ်ထားတဲ့ လမ်းတစ်ခုဆိုပေမဲ့ လမ်းဘေးတစ်လျှောက်မှာ ကျေးရွာတွေ၊ စိုက်ခင်းတွေ၊ စက်ရုံအလုပ်ရုံတွေ အဆက်မပြတ်ရှိနေကြတယ်။ နာရီဝက်လောက်မောင်းလာခဲ့ပြီး ကုန်းအတက်တစ်ခုကို တက်၊ ကုန်းအဆင်းလမ်းအတိုင်း ဘယ်ဘက်ကို ချိုးကွေ့မောင်းနှင်လိုက်တာနဲ့ ရေတွေဖွေးနေတဲ့ အင်းရေပြင်ကျယ်ကျယ်ကြီးကို ဘွားခနဲ တွေ့မြင်လိုက်ကြရတယ်။ ဒီရေပြင်ကျယ်ကြီးက စွန်ရဲအင်းပါ။ စွန်ရဲအင်းရေပြင်ကျယ်ကြီးကို တွေ့မြင်နေကြရပြီဖြစ်လို့ မကြာခင်အချိန် မိနစ်ပိုင်းလေးအတွင်းမှာ ရောက်ရှိကြတော့မှာပါ။ စွန်ရဲအင်းကို ရောက်ရှိလာတဲ့အခါ အရင်အခေါက်တွေ ရောက်ရှိခဲ့စဉ်တုန်းကထက် ပိုမိုစည်ကားနေတာကို တွေ့မြင်နေရတယ်။ ကားရပ်နားစခန်းမှာ ကားတွေ အမြောက်အမြား ဖြစ်နေသလို အင်းပတ်ဝန်းကျင်တစ်ခွင်မှာ၊ စားသောက်ဆိုင်တွေထဲမှာ၊ လှေဆိပ်မှာ၊ အင်းရေစပ်မှာ တည်ဆောက်ပေးထားတဲ့ တံတားတွေ၊ ရှုမျှော်ခင်းကြည့်စင်တွေပေါ်မှာ လာရောက်လေ့လာလည်ပတ်ကြတဲ့ ဧည့်သည်တွေ ပြည့်နေကြတယ်။

အချိန်က နေ့လယ်ထမင်းစားချိန်ကို ရောက်ရှိနေပြီဖြစ်လို့ မိမိနဲ့တပည့်ဖြစ်သူတွေက နေ့လယ်စာထမင်းကို အရင်စားသောက်ပြီးမှ လေ့လာလည်ပတ်ကြတော့မှာပါ။ ဒါကြောင့် အဆင်ပြေတဲ့ဆိုင်ကြီးတစ်ဆိုင်အတွင်းကို ဝင်ရောက်လာခဲ့ကြတယ်။ စွန်ရဲအင်းမှာ ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ အများအပြားရှိနေကြတယ်။ ဒါပေမဲ့ ဆိုင်တိုင်းက အင်းထဲကရရှိတဲ့ငါးကြော်၊ ပုစွန်ကြော်၊ ကြာရွက်လိပ်သုပ်တွေကို အဓိကထား ရောင်းချနေကြတာကိုတွေ့မြင်နေရတယ်။ စားသောက်ကြသူတွေကလဲ ဒေသထွက် အစားအစာတွေကို မှာယူစားသုံးကြလေ့ရှိတယ်။ မိမိတို့ ထမင်းစားသောက်ကြတဲ့အခါ ထမင်းဆီဆမ်း၊ ထမင်းသုပ်၊ လက်ဖက်ထမင်း စတဲ့ကိုယ်ကြိုက်နှစ်သက်ရာတွေနဲ့ အတူ ငါးကြော်၊ ပုစွန်ကြော်တွေကို မှာယူစားသောက်ကြတယ်။ ကြာရွက်လိပ်သုပ်ကိုတော့ မိမိကိုယ်တိုင်က ကြိုက်နှစ်သက်ခြင်းမရှိတဲ့အတွက် မမှာယူတော့ပါဘူး။ မိမိတို့ ထမင်းစားနေကြတုန်း ဆိုင်ထဲမှာ လူတွေပြည့်နေသလို ကျန်တဲ့နေရာတွေအားလုံးမှာလဲ စည်စည်ကားကားဖြစ်နေတယ်။

ထမင်းစားသောက်ပြီးတာနဲ့ တပည့်တွေက အင်းပတ်ဝန်းကျင်မှာ လေ့လာလည်ပတ်နေကြပြီး မိမိက အင်းအတွင်းမှာ လှေစီးဖို့အတွက် သွားရောက်စီစဉ်နေရတယ်။ လာရောက်တဲ့ ဧည့်သည်တွေက အလွန်များပြားနေပြီး လှေအစီးရေက နည်းပါးနေတာကြောင့် လှေကို အလှည့်ကျတန်းစီစောင့်ဆိုင်းကြရတယ်။ ဒီလို စောင့်ဆိုင်းနေရင်းနဲ့ အင်းအတွင်းမှာ လှေအပျော်စီး၊ လည်ပတ်ပြီး ပြန်လာခဲ့ကြတဲ့ လှေတွေပေါ်မှာ ကြာပန်းခိုင်ကြီးတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကိုင်ဆောင်ဆင်းလာကြတဲ့ ခရီးသွားဧည့်သည်တွေကို တွေ့မြင်ရတဲ့အခါ အင်းထဲက ကြာပန်းပွင့်ကြီးတွေကို နှမြောမိလိုက်တယ်။ အခုလို လှေစီးကြဖို့ တန်းစီစောင့်ဆိုင်းနေကြရတာက အင်းအတွင်းမှာရှိနေတဲ့ ကြာပန်းခင်းကြီးရှိရာကို သွားရောက်ကြဖို့ပါ။ အရင်တစ်ခေါက် မိမိတို့လာရောက်ခဲ့စဉ်တုန်းက ကြာပန်းခင်းကြီးအတွင်းမှာ ကြာဖြူပန်းသေးသေးလေးတွေသာ ပွင့်ဖူးနေကြသေးတယ်။ အခုလို မေ၊ ဇွန်၊ ဇူလိုင်လတွေမှာ ကြာဖြူလေးတွေ မဟုတ်တော့ဘဲ ကြာနီပွင့်ကြီးတွေ ပွင့်ဖူးနေကြပါပြီ။ ဒါကြောင့် အင်းထဲကအပြန်ကမ်းရှိရာကို ကပ်လာတဲ့ လှေတိုင်းမှာ ကြာနီတွေကို တွေ့မြင်နေရတယ်။ မိမိရဲ့ စိတ်ကူးစိတ်သန်းအရ သွားရောက်လေ့လာလည်ပတ်ကြတဲ့ ခရီးသွားဧည့်သည်တွေက ဒီကြာတွေ မခူးခဲ့ကြဘဲ အလှကြည့်၊ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူခဲ့ကြရုံသာ ပြုလုပ်ခဲ့ကြမယ်ဆိုရင် အင်းကြီးအတွင်းမှာ ကြာနီတွေ ဘယ်လောက်များပြားပြီး ဘယ်လောက်ထိ လှပသာယာနေမယ်ဆိုတာကို စဉ်းစားနေမိတယ်။ ဒါကြောင့် ခူးယူလာခဲ့ကြတဲ့ကြာတွေကို နှမြောမိလိုက်တာလို့ ရေရွတ်မိတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လှပသာယာတဲ့ စွန်ရဲအင်းရှိရာကိုရောက်ရှိပြီး နေ့လယ်စာထမင်း စားသောက်ကြပြီးဖြစ်လို့ မိမိတို့ရဲ့ လှေအလှည့်ရောက်တာနဲ့ အင်းအတွင်းကို လှေအပျော်စီးရင်း လေ့လာလည်ပတ်လိုက်ကြပါအုံးမယ်။

# တရုတ်နိုင်ငံက လေဟုန်စီးလက်နက်စနစ် DF-17 ဟိုက်ပါဆောနစ်ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့




တရုတ်နိုင်ငံသည် ကမ္ဘာ့ပထမဆုံး စစ်ဆင်ရေးအသင့်သုံး လေဟုန်စီးလက်နက်စနစ် DF-17 ဟိုက်ပါဆောနစ်ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Interesting Engineering သတင်းဌာနက ဩဂုတ်၅ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဟုန်စီးလက်နက် DF-17 ဟိုက်ပါဆောနစ်ဒုံးကျည်သည် DF-17 ပဲ့ထိန်းဒုံးကျည်နှင့် HGV ဟိုက်ပါဆောနစ် လေဟုန်စီးယာဉ်တို့ ပေါင်းစပ်ဖွဲ့စည်းထားသော လက်နက်စနစ်ဖြစ်သည်။ ဒုံးကျည်ကို ပစ်လွှတ်ပြီးနောက် HGV လေဟုန်စီးယာဉ်၏ ဒုံးပျံမြှင့်တင်ပေးသောစနစ်မှ ခွဲထွက်ကာ အသံထက် ငါးဆပိုမြန်သော အရှိန်ဖြင့် လေထုအတွင်း ပျံသန်းပြီး လမ်းကြောင်းကို အဆက်မပြတ်ပြောင်းလဲနိုင်မည်ဖြစ်သည်။ ထိုသို့ လမ်းကြောင်းပြောင်းလဲနိုင်စွမ်းကြောင့် သမားရိုးကျ ပဲ့ထိန်းဒုံးကျည်များနှင့် နှိုင်းယှဉ်ပါက လက်ရှိအသုံးပြုနေသော ဒုံးကျည်ကာကွယ်ရေးစနစ်များအတွက် DF-17 ဟိုက်ပါဆောနစ် ဒုံးကျည်ကို ရှာဖွေဖော်ထုတ်ခြင်း၊ ခြေရာခံစောင့်ကြည့်ခြင်းနှင့် ကြားဖြတ်ဖျက်ဆီးခြင်းတို့ကို ပိုမိုခက်ခဲစေနိုင်သည်။

TEL သယ်ယူပို့ဆောင်ရေးယာဉ်များပေါ်ရှိ ဒုံးကျည်များ၏ (Wedge-shaped) သပ်ရိုက်ထားသော ထိန်းချုပ်တောင်ပံများသည် ယခင်က မြင်တွေ့ခဲ့ရသည့် DF-17 ဟိုက်ပါစောနစ်ဒုံးကျည်၏ ဒီဇိုင်းနှင့် ကိုက်ညီနေကြောင်း သိရသည်။

တရုတ်စစ်ဘက်သုတေသီများ၏ သုံးသပ်ချက်အရ DF-17 ဒုံးကျည်သည် မဟာဗျူဟာအရေးပါသော ပစ်မှတ်များကို ကြိုတင်သတိပေးချိန် အလွန်နည်းပါးသည့်အခြေအနေတွင် လျင်မြန်စွာတိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။ ထို့ပြင် ပျံသန်းနေစဉ်အတွင်း လမ်းကြောင်းကို ပြောင်းလဲနိုင်သည့် စွမ်းရည်ကြောင့် အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်များကို ကျော်ဖြတ်ကာ တန်ဖိုးမြင့် စစ်ရေးပစ်မှတ်များကို ထိရောက်စွာ ထိုးဖောက်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် DF-17 ဟိုက်ပါဆောနစ်ဒုံးကျည်ကို ၂၀၁၉ ခုနှစ် အမျိုးသားနေ့ စစ်ရေးအခမ်းအနားတွင် လူသိရှင်ကြားပြသခဲ့ပြီး ယခုနှစ် ဇွန် ၂၀ ရက်တွင် ဒုတိယအကြိမ်အဖြစ် လေဟုန်စီးလက်နက်စနစ် DF-17 ဟိုက်ပါဆောနစ် ဒုံးကျည်၏ လက်တွေ့စမ်းသပ်ပစ်ခတ်မှုကို ပြသနိုင်ခဲ့သည်။ ထိုအချိန်မှစတင်၍ DF-17 ဟိုက်ပါဆောနစ် ဒုံးကျည်သည် အမေရိကန်နှင့် ဒေသတွင်း မဟာမိတ်နိုင်ငံများအပါအဝင် ကမ္ဘာတစ်ဝန်းရှိ စစ်ရေးမဟာဗျူဟာရေးဆွဲသူများ၏ အထူးအာရုံစိုက်မှုကိုရရှိလာခဲ့ပြီး ၎င်းတို့လည်း ဟိုက်ပါဆောနစ်လက်နက်များနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်း အဆင့်မြင့်စစ်ရေးနည်းပညာပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာနေချိန်တွင် DF-17 ဟိုက်ပါဆောနစ်ဒုံးကျည်သည် တရုတ်နိုင်ငံ၏ မျိုးဆက်သစ်လက်နက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အလေးထားမှုကို ထင်ဟပ်စေပြီး မဟာဗျူဟာတားဆီးနိုင်စွမ်းနှင့် တိကျမှန်ကန်စွာ ထိုးနှက်နိုင်စွမ်းတို့ကို မြှင့်တင်ပေးရန် ရည်ရွယ်ထားသည်။

DF-17 ဟိုက်ပါဆောနစ် ဒုံးကျည်၏ ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ မိုင် ၁၅၀၀ ခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ၎င်းကြောင့် အနောက်ပစိဖိတ်ဒေသအနှံ့အပြားရှိ စစ်အခြေစိုက်စခန်းများ၊ ကွပ်ကဲရေးဌာနများနှင့် ရေတပ်အင်အားစုများကို ထိရောက်စွာ ရောက်ရှိတိုက်ခိုက်နိုင်ကြောင်း သိရသည်။

**China-built world's first operational hypersonic glide weapon could be ready for launch** ကို ဘာသာပြန်ဆိုထားပါသည်။

# အမေရိကန်လေတပ်က ဥရောပဒေသရှိ နေရာတချို့တွင် ဒရုန်းရန်ကာကွယ်ရေး လေဆာလက်နက်စနစ်များ တပ်ဖြန့်ချထား



အမေရိကန်လေတပ်သည် ဒရုန်းခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန် Compact Laser Weapon System (CLWS) ခေါ် လေဆာအခြေပြု ဒရုန်းရန်ကာကွယ်ရေးလက်နက်စနစ်များကို ဥရောပဒေသရှိ နေရာတချို့တွင် တပ်ဖြန့်ချထားလျက်ရှိကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လေဆာလက်နက်စနစ်၏ နည်းပညာဆိုင်ရာ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားထားခြင်းမရှိသော်လည်း အလွှာလိုက်လေကြောင်းရန် ကာကွယ်ရေးကွန်ရက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ပြီး သံသယဖြစ်ဖွယ် လေကြောင်းပစ်မှတ်များကို ဦးစွာထောက်လှမ်းဖော်ထုတ်ကာ ခြိမ်းခြောက်မှုအမျိုးအစားနှင့် ကိုက်ညီသည့် တုံ့ပြန်မှုနည်းလမ်းကို ရွေးချယ်အသုံးပြုနိုင်သည်။

အမေရိကန်လေတပ်သည် လေဆာလက်နက်စနစ်များအပြင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့် ပစ်ခတ်ဖျက်ဆီးရေး လက်နက်စနစ်များကို ပေါင်းစပ်အသုံးပြုထားသည့် အလွှာလိုက်ကာကွယ်ရေးစနစ်သည် စစ်အခြေစိုက်စခန်းများနှင့် အရေးပါသော စစ်ရေးအဆောက်အအုံများကို ဒရုန်းခြိမ်းခြောက်မှုများမှ ကာကွယ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ယခုကဲ့သို့လေဆာလက်နက်စနစ်များ တပ်ဖြန့်ချထားခြင်းမှာ ဥရောပဒေသရှိ စစ်အခြေစိုက်စခန်းများ၊ စက်မှုဇုန်များနှင့် နျူကလီးယားလက်နက်များ သိုလှောင်ထားသည့် အမေရိကန်စစ်အခြေစိုက်စခန်းများအနီး၌ ဒရုန်းများ ကျူးကျော်ပျံသန်းမှုများ ပိုမိုများပြားလာခြင်းအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည့် အခြေအနေတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာမဟာဗျူဟာလေ့လာရေးဌာနရှိ လေ့လာသုံးသပ်သူများ၏ အဆိုအရ ဒရုန်းများသည် ဘယ်လ်ဂျီယံနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံများရှိ စစ်ရေးအဆောက်အအုံများ၊ လေဆိပ်များနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများအနီးတွင် ၁၈ လကျော်ကြာ စောင့်ကြည့်ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်လေတပ်သည် ဈေးနှုန်းသက်သာသည့် ဒရုန်းများကို တန်ဖိုးမြင့် ဒုံးကျည်များဖြင့် ပစ်ခတ်ဖျက်ဆီးရသည့် ကုန်ကျစရိတ်မညီမျှမှုကို လျှော့ချနိုင်ရန် ဒရုန်းရန်ကာကွယ်ရေး နည်းပညာအသစ်များကို ဆက်လက်စမ်းသပ်လျက်ရှိသည်။

၎င်းနည်းပညာများအနက် LOCUST လေဆာစနစ်နှင့် လေဆာလမ်းညွှန် မီလီမီတာ ၇၀ ဒုံးပျံများကို အသုံးပြုသည့် တိကျစွာပစ်ခတ်နိုင်သော APKWS အဆင့်မြင့် လက်နက်စနစ် တို့ကိုလည်း ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိသည့် ဒရုန်းတန်ပြန်စနစ်များအဖြစ် စမ်းသပ်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ခေတ်သစ်စစ်ဆင်ရေးများတွင် ဒရုန်းများ၏ ခြိမ်းခြောက်မှုသည် လျင်မြန်စွာ မြင့်တက်လာသည်နှင့်အမျှ လေဆာလက်နက်၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ပစ်ခတ်ဖျက်ဆီးရေး လက်နက်များကို ပေါင်းစပ်အသုံးပြုသည့် အလွှာလိုက် ဒရုန်းရန်ကာကွယ်ရေးစနစ်သည် အနာဂတ် စစ်အခြေစိုက်စခန်းများ၏ လုံခြုံရေးအတွက် အရေးပါသည့် ကာကွယ်ရေးပုံစံအဖြစ် ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာဖွယ်ရှိကြောင်း သိရသည်။

**US Air Force Deploys Counter-Drone Laser Weapon to Europe** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အိမ်မဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မြောင်းမြ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၁၄၃၀၁၀ ကို ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါးကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံ တောင်သူများနှင့် စိုက်ပျိုးရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီး ဌာနနှင့် ဆည်မြောင်းနှင့်ရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စသည့် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဒီနှစ် အိမ်မဲမြို့နယ်မိုးသီးနှံ စိုက်ပျိုးရာသီမှာ စပါးကို ကေ ၁၄၃၀၁၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိစပါးတွေ ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ တောင်သူတွေကို စိုက်ပျိုးထားတဲ့စပါးတွေ ပြန်လည် ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေ ပို့ချဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေကိုလဲ စပါးမစိုက်မီ အချိန်ကတည်းက ကူညီပံ့ပိုးပေးခဲ့တာရှိပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ယခုနှစ် စပါး ကေ ၁၄၃၀၁၀ စိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW- 11၊ GW-1၊ ပခမ်း၊ ဧရာမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် တာဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း


**ပဲခူး ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဆုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်း ပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တာဆုံကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် အခြားအရောင်းအဝယ် လုပ်ငန်းများကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**










## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-6(စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မောင်မြတ်ဘုန်းလျှံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြမင်း** ဖြစ်ပါကြောင်း။

**ဦးမြမင်း(၉/ကဆန(နိုင်)၁၂၇၅၁၈)**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ လင့်ကြီး (မ)(ခေါ်) လင်စည်ကြီးရွာသစ်နေ ကိုဟိန်းဇော် (ဘ) ဦးကံသောင်း(၉/မခန(နိုင်)၃၀၃၉၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-200004)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-777140305**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ကျွဲနွားထောက်အုပ်စု၊ သရက်ပင်ကျေးရွာနေ မောင်ချစ်မောင် (ဘ) ဦးဩဝါဒ(၁၂/ခရန(နိုင်)၁၆၀၇၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-797221933**

## အမည်ပြောင်း

မန္တလေးမြို့၊ ရွှေမျိုးဆက်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 မှ (ဘ) ဦးသန်းဆွေထွန်း(၉/ခမစ(နိုင်)၀၃၆၂၃၈)၏သမီး မစုလှိုင်နှင်းအား ယနေ့မှစ၍ **မဆုပြည့်ဖြိုး**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုပြည့်ဖြိုး**

## အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အထက-မြင်းသည်၊ Grade-10 တွင် ပညာသင်ကြားနေသော ဦးဇော်ထွန်း၏သား မောင်ကောင်းဝေလင်း၏အမည်မှန်မှာ **မောင်အောင်ဝေလင်း** ဖြစ်ပါကြောင်း။ **မောင်အောင်ဝေလင်း**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်စိုင်းဝင်းသန်း၏ ဖခင်အမည်မှန်မှာ **ဦးအောင်နိုင်စိုးဝင်း** ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်စိုးဝင်း(၉/တသန(နိုင်)၁၁၉၇၆၉)**

## အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အထက-မြင်းသည်၊ Grade-10 တွင် ပညာသင်ကြားနေသော ဦးစိုးပို၏သမီး မစန္ဒာမိုး၏အမည်မှန်မှာ **မခင်စန္ဒာမိုး** ဖြစ်ပါကြောင်း။ **မခင်စန္ဒာမိုး**

## ဖခင်အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အလက-မြို့မ၊ Grade-3 အခန်း(A)မှ မဖူးရွှေရည်မောင်၏ဖခင်အမည်မှန်မှာ **ဦးအောင်ဇော်မိုး** ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်မိုး(၉/တတဥ(နိုင်)၀၈၉၄၆၈)**

## အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အထက-မြင်းသည်၊ Grade-10 တွင် ပညာသင်ကြားနေသော ဦးဝင်းမြင့်၏သမီး မသီတာထွေး၏အမည်မှန်မှာ **မသီသီထွေး** ဖြစ်ပါကြောင်း။ **မသီသီထွေး**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၁၂/က)၊ ဦးဘတုတ် အမည်ပေါက် (အလျား ၂၆'-၉"x အနံ ၂၃'-၄") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်ကြူကြူ(၉/မခန(နိုင်)၀၁၄၈၄၉)ကိုင်ဆောင်သူမှ (အလျား ၁၈'-၀" x အနံ ၂၀'-၀") Iron Frame (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်နှင့် မျက်နှာစာ (၂၆'-၉")နှင့် အနောက်ဘက်(၂၃'-၄")အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/ခ)၊ ဦးပိုင်အမှတ်(၁၉၉)၊ ဦးသိန်းဋ္ဌေး အမည်ပေါက် (အလျား ၅၀' x အနံ ၁၆'-၄")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးလှမျိုးတင်(၉/မခန(နိုင်)၁၉၄၇၄၅)ကိုင်ဆောင်သူမှ (အလျား ၃၅'-၀" x အနံ ၁၅'-၀") အိမ် (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

မြစ်သားမြို့နယ်၊ သပြေတောင်းအခြေခံပညာအထက်တန်းကျောင်း၊ Grade-9 တန်းခွဲ(B)တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ခင်စိန်၏သမီး မလနီးပြည့်ဖူးအား အိမ်ထောင်စုလူဦးရေစာရင်းအရ **မပြည့်ဖူးဝေ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မပြည့်ဖူးဝေ**

## ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့နယ်၊ ရပ်ကွက်(၁)နေ မမာလာဦး (ဘ) ဦးအက်(ခ်) လားမား (၁၃/ကမန(နိုင်)၁၃၅၉၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-494515)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-974388625**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး** စာမျက်နှာ - ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား** စာမျက်နှာ - ၁၇

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြဘုရား(Temple of Emerald Buddha)သို့ သွားရောက်ဖူးမြော်ကြည်ညို





မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဩဂုတ် ၇**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်း အတွင်းရှိ မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်သို့ ရောက်ရှိကြရာ ထိုင်းဘုရင့်နန်းတွင်းကိုယ်စားလှယ်အရာရှိကြီးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်ဝင်း အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက **စာမျက်နှာ ၁၉ ကော်လံ ၁** ☆

## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၈၃ ရွာ၊ ဟင်္သာတမြို့နယ် ၃၃ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် တစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာနှင့် ကျုံပျော်မြို့နယ် လေးရွာ၊ **စာမျက်နှာ ၂၆ ကော်လံ ၄** ❖



မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်းတို့ ဆောင်ရွက်ပေးစဉ်။

## ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်ဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၇**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များ၌ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းကို အနိုင်ရရှိပြီး မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၂၆ ကော်လံ ၁** ■

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၇**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ **စာမျက်နှာ ၂၄ ကော်လံ ၁** ◆